မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်

၂၉-၁၂-၂၀၀၉

ဟားခါးမြို့	-၄	ဒီဂရီစင်တီဂရိတ်	ပင်လောင်းမြို့	၀	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	-၃	ဒီဂရီစင်တီဂရိတ်	လားရှိုးမြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	-၁	ဒီဂရီစင်တီဂရိတ်	မိုးကုတ်မြို့	၂	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၀	ဒီဂရီစင်တီဂရိတ်	အမ်းမြို့	၂	ဒီဂရီစင်တီဂရိတ်

စည်းလုံးညီညွတ်စွာ လှုပ်ရှားဆောင်ရွက်ခဲ့

တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် မြန်မာ့မူလဗီဇလက္ခဏာများ ဖြစ်ကြသည့် တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ အချုပ်အခြာအာဏာကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့်စိတ်ဓာတ်၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်များဖြင့် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းကို သမိုင်းက သက်သေထူလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နေပြည်တော်စည်ပင်သာယာရေးဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၄/၂၀၀၉)ဖြင့် နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ၁၃၇၁ ခုနှစ် ပြာသိုလဆန်း ၁၄ရက်၊ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၉ရက် (ယနေ့)နေ့စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

အဆိုပါဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နေပြည်တော်စည်ပင်သာယာရေးဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၄/၂၀၀၉)

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ရက်
(၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နေပြည်တော်စည်ပင်သာယာရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော နေပြည်တော် စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ခ) **ရုံးအကြီးအကဲ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ဂ) **အရန်မြေ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နိုင်ငံတော်အစိုးရက အနာဂတ်စီမံကိန်းများဆောင်ရွက်ရန် သတ်မှတ်ထားသော မြေကိုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်ကြည့်ရှုအားပေး ဆုရအသင်းအား တံခွန်စိုက်ဖလားဆုနှင့် ကိုယ်ပွားဖလားဆုတို့ကို ပေးအပ်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ဘောလုံးအားကစားကွင်း အမှတ်(၁)၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ဆုရအသင်းအား တံခွန်စိုက်ဖလားဆုနှင့် ကိုယ်ပွားဖလားဆုတို့ကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

စာမျက်နှာ ၁၁ ကော်လံ ၁ ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ ရက်)

ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး အရည်အသွေးကောင်းပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် သစ်တောသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရော်ဘာသည် လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရာတွင် များစွာအသုံးဝင်သည့် စက်မှုကုန်ကြမ်းပင်ဖြစ်သည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာကို မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့တွင်သာမက ယခုအခါ တောင်ပေါ်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင်ပါ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံအတွက် ကုန်ကြမ်းများ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)သည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်းကြီး၏ မိုင်တိုင်အမှတ်(၁၂၂) အနီးတွင် တည်ရှိသည်။ စက်ရုံကို ၂၀၀၈ခုနှစ် စက်တင်ဘာလတွင် တည်ဆောက်ခဲ့ရာ ယခုအခါ စက်ရုံပင်မအဆောက်အအုံ ဆောက်လုပ်မှု လုပ်ငန်းများ၊ စက်ပစ္စည်းများ တပ်ဆင်မှုနှင့် စက်မှုနည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။

တပ်ဆင်ထားသည့် မူလစက် တပ်ဆင်မှုစွမ်းအားအရ စက်ရုံတွင် လူစီးမော်တော်ယာဉ်၊ တာယာ၊ အမျိုးအစား ၁၁မျိုးကို တစ်နှစ်လျှင် တာယာအလုံးရေ သုံးသိန်း ထုတ်လုပ်နိုင်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)နှင့် ယခုတည်ဆောက်ပြီးစီးပြီဖြစ်သည့် အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)တို့မှ နိုင်ငံတော်အတွက် လိုအပ်သော တာယာများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်သည်။

ထို့ပြင် တာယာစက်ရုံဟောင်းနှင့် စက်ရုံသစ် ပေါင်းစပ်ပါက နိုင်ငံတော်၏ တာယာလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ တာယာနှင့် ရော်ဘာပစ္စည်းစက်ရုံများသည် တာယာပစ္စည်း တစ်မျိုးကိုသာမက အခြားရော်ဘာနှင့် ဆက်စပ်နေသော အိမ်သုံးပစ္စည်းနှင့် စက်မှုသုံးပစ္စည်းများကိုပါ တီထွင်ကြံဆထုတ်လုပ်သွားပါက ပြည်ပသွင်းကုန်အစားထိုးနိုင်မှုကို ယခုထက် ပိုမိုထောက်ကူပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ စက်ရုံမှ စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ် နည်းပါးရေး၊ ဝင်ငွေများ တိုးတက်ရရှိရေး၊ အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၀-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မေးမြန်းစူးစမ်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၉။ ကျန်းမာသုတ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Mail Box
- ၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **မှော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၃၅)
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ အိုင်စီတီသုတ
- ၂၂။ ရယ်ရွှင်စရာဟာသပဒေသာ **ကျွန်တော်ဘာမှ မလုပ်ဘူး** ပေါ်လေး၊ ကင်းကောင်၊ ကျော်ထူး၊ ဖိုးကျော်၊ ကစ်ကစ်၊
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၆)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ အမ်းလေဆိပ်လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ
ရခိုင်ပြည်နယ် အမ်းလေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁ နာရီက အမ်းမြို့ရှိ အမ်းလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး (လေယာဉ်ကွင်းပုံထုတ်)ဦးကျော်စိုးက အမ်းလေယာဉ်ကွင်း၏ တည်နေရာ၊ နောက်ခံသမိုင်းနှင့် လေယာဉ်ပြေးလမ်း ဆက်စပ်လုပ်ငန်းများ၊ ယာယီလေဆိပ်အဆောက်အအုံ၊ လေကြောင်းလမ်းညွှန်စက် အဆောက်အအုံ၊လေဆိပ်အဆောက်အအုံအသစ် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လေဆိပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အမ်းလေဆိပ်ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပစေရန် ပန်းအလှပင်နှင့် အရိပ်ရအပင်များ၊ လေကာပင်များ စနစ်တကျစိုက်ပျိုးသွားရန်၊ ဆက်သွယ်ရေးစက်ကိရိယာများကောင်းမွန်ရေး ဂရုပြုဆောင်ရွက်ရန်၊ အချက်ပြမီးများ ကောင်းမွန်အောင် နေ့စဉ်စစ်ဆေးသွားရန်၊ လေယာဉ်ကွင်းလုံခြုံရေးအတွက် အမြဲမပြတ် ဂရုပြုဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အလေအလွင့်မရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန်၊ လေယာဉ်ကွင်းဧရိယာအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ယခုကတည်းကပင် စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေကြောင်းထိန်းမျှော်စင် ပြီးစီးမှု၊ လေယာဉ်ဆင်းသက်မှု၊ လေယာဉ်ပေါ်သို့ ခရီးသည်များတက်၊ ဆင်းသွားလာနေမှု၊ လေဆိပ်ခြံစည်းရိုးများ ကာရံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တပ်ကုန်း၌ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၀၉ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၆ရက် နံနက်က မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးဆောင်၍ တပ်ကုန်း မြို့မရဲစခန်းရှေ့မှ ကျားသေအိုင် ရှေ့တန်းစခန်းအထိ လမ်းလျှောက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဦးခင်မောင်အေး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဌာနဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုပေါင်းပါဝင် ဆင်နွှဲကြသည်။ **(ယာပုံ)**

(ဝ၉၁)



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးက ကြီးမှူး၍ ဒီဇင်ဘာ ၁၂ရက်က ကျောက်တံတားမြို့နယ် အမှတ်(၁) အလယ်တန်းကျောင်းခန်းမ၌ ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပညာခေတ်ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (ခရိုင် ပြန် /ဆက်)

အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း
နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ၂၇ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်သိန်းနှင့် အသင်းနာယက ဦးမောင်မောင်တို့က အမှာစကား ပြောကြားကြသည်။

ဖတ်ကြား

ယင်းနောက် အခမ်းအနားမှူးက ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကိုဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူ၍ သဘာပတိက နိဂုံးချုပ်စကားပြောကြားသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အခန်း (၂)
ဖွဲ့စည်းခြင်း

၃။ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် -

(က) ကော်မတီကို အဖွဲ့ဝင်အနည်းဆုံး ၅ဦးမှ အများဆုံး ၉ဦး အထိဖြင့် ဖွဲ့စည်းရမည်၊

(ခ) ကော်မတီကို ဖွဲ့စည်းရာတွင် သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပြီး ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၄။ ကော်မတီ၏ဥက္ကဋ္ဌသည် နေပြည်တော်၏ မြို့တော်ဝန်ဖြစ်သည်။

၅။ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌသည် နေပြည်တော်၏ ဒုတိယမြို့တော်ဝန် ဖြစ်သည်။

၆။ ရုံးအကြီးအကဲသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သည်။

၇။ ကော်မတီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား တိုက်ရိုက်တာဝန်ခံရမည်။

အခန်း (၃)
ကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ ကော်မတီသည် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပြုရမည် -

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် မြို့သစ်များ တည်ထောင်ခြင်း၊

(ခ) မြေများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် ပြောင်းရွှေ့နေရာချထားခြင်း၊

(င) လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊တံတား၊ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက် စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံများကို ဖယ်ရှားစေခြင်းနှင့် ဖယ်ရှားခြင်း၊

(ဆ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများ သတ်မှတ်ခြင်း၊ ရပ်ကွက်နှင့်လမ်းများ၏အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ဇ) ယာဉ်နှင့်အနေးယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဈ) သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာရေး၊ လှပရေး၊ စိမ်းလန်းရေးနှင့် စိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်နှင့် အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဏ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ကော်မတီပိုင်ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဒ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဓ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(န) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊

(ပ) မီးဘေး၊ ရေဘေး၊ လေဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဖ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့် တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ဗ) စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း၊

(ဘ) ကူးတို့လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(မ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန်တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်းကို စည်းကမ်းများသတ်မှတ်ခြင်း၊

(ယ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(ရ) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်းနှင့် လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊

(လ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဝ) သုသာန်များသတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ သင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြား စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဟ) သတ်မှတ်ထားသော အစိုးရရုံးများ၊ နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများကို ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း၊

(ဠ) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများတွင် နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များထုတ်ပြန်ခြင်း၊ စိစစ်ကြပ်မတ်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စစ်ဆေးအရေးယူခြင်း၊

(အ) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများနှင့် တိုက်ခန်းများအား ထိန်းသိမ်းခြင်း၊ နေရာချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ကက) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများနှင့် တိုက်ခန်းများအတွက် ငှားရမ်းခသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခခ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

အခန်း (၄)
ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၀။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကော်မတီပိုင် ရန်ပုံငွေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အခနှင့် အခွန်အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃ) ကော်မတီပိုင် အဆောက်အအုံနှင့်မြေများကို ငှားရမ်းခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်သော အငှားယူသူများကို ဖယ်ရှားနှင်ထုတ်ခြင်း၊

(င) အဆောက်အအုံနှင့် မြေများ ငှားရမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်ငွေများကို တည်ဆဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေးကို အထောက်အကူပြုသော လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ ချေးငွေရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများအလိုက် လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဈ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီတိုးတက်သည့် နည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်ခြင်း၊

(ည) အရန်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းအရန်မြေပေါ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရသော စီမံကိန်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊

(ဋ) ကော်မတီပိုင်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဌ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတွင် သစ်တောနယ်မြေ နယ်နိမိတ် သတ်မှတ်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတွင် တပ်မြေနယ်နိမိတ် သတ်မှတ်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံတော်ပိုင် အိမ်ရာများတွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်စားပင်၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင် စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ဏ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော် ဆောက်လုပ်ခြင်း မရှိစေရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(တ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

အခန်း (၅)
ဘဏ္ဍာရေး

၁၁။ ကော်မတီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် အစိုးရထံမှ အထောက်အပံ့ ရယူနိုင်သည်။ ထို့အပြင် မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၁၂။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။

၁၃။ ကော်မတီသည် ရန်ပုံငွေကို တိုးပွားစေရန် သင့်လျော်သော နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်သည်။

၁၄။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

၁၅။ ကော်မတီသည် -

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြလာသော နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထို့အပြင် အစိုးရထံမှ အထောက်အပံ့ရယူရန် လိုအပ်သော ရန်ပုံငွေအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်၊

(ခ) နှစ်စဉ် မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း ၉၀အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ တင်ပြရမည်။

အခန်း (၆)
ဝန်ထမ်းဖွဲ့စည်းပုံ

၁၆။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၁၇။ ကော်မတီသည် ပုဒ်မ ၁၆ အရ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲထားရှိရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည် -

(က) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော ဝန်ထမ်းများ၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော ဝန်ထမ်းများ၊

(ဂ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေး ရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၁၈။ ကော်မတီသည် -

(က) တည်ဆဲစည်းမျဉ်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားပိုင်ခွင့်ရှိသည်၊

(ခ) စည်ပင်သာယာရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူပြီး စည်ပင်သာယာရေးဝန်ထမ်းအဖြစ် ခန့်ထားနိုင်သည်။

၁၉။ ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ကော်မတီသည် ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၇)
ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၂၀။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

30-12 (03).pmd 1 12/30/2009, 1:54 AM

တရုတ်နိုင်ငံ၏ အကြီးဆုံး လေယာဉ်ထုတ်လုပ်ရေးစက်ရုံ ရှန်ဟိုင်း၌ စတင်တည်ဆောက်

ရှန်ဟိုင်း ဒီဇင်ဘာ ၂၉

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ပူတောင်းဒေသ၌ တရုတ်နိုင်ငံ၏အကြီးဆုံး ပြည်တွင်းလေယာဉ်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို စတင်နေပြီဖြစ်ကြောင်း တရုတ်စီးပွားဖြစ် လေယာဉ်ပူးပေါင်းထုတ်လုပ်ရေးကုမ္ပဏီ (စီအိုအမ်အေစီ)၏ ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၂၈ရက်တွင် ပြောကြားသည်။

အကျယ်အဝန်း

ယင်းစီမံကိန်းသည် ရှန်ဟိုင်းပူတောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ တောင်ဘက်တွင်တည်ရှိကာ အကျယ်အဝန်း စတုရန်းမီတာ ၂ဒသမ ၆၇သန်းရှိကြောင်း စီအိုအမ်အေစီ၏ အထွေထွေမန်နေဂျာ ကျင်ကျန်လောင်းက ပြောကြားသည်။

စီစဉ်ထား

ယင်းစက်ရုံမှနေ၍ အေအာရ်ဂျေ-၂၁ ဂျက်လေယာဉ်များနှင့် ခရီးသည်၁၅၀ စီးနင်းလိုက်ပါနိုင်သည့် လေယာဉ်များကို ထုတ်လုပ်မည့်အပြင် လေယာဉ်ပြုပြင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားသည်။

ပြီးစီးမည်

စက်ရုံတည်ဆောက်မှု၏ ပထမအဆင့်လုပ်ငန်းများကို ၂၀၁၂ခုနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ကျီယန်းမြို့ပဒေသာကပွဲ၌ ရိုးရာအကဖြင့် ကပြဖျော်ဖြေနေသည်ကို ဒီဇင်ဘာ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျေရုဆလင်မြို့ အရှေ့ပိုင်း၌ အိမ်ရာသစ်များ တည်ဆောက်မည်

ဂျေရုဆလင် ဒီဇင်ဘာ ၂၉

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့အရှေ့ပိုင်း၌ အိမ်ရာသစ် ၇၀၀ ခန့် တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့် အိမ်ရာလုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၂၈ရက်တွင် ပြောကြားသည်။

မျှော်မှန်းထား

အဆိုပါတည်ဆောက်ရေးစီမံကိန်းကို လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း အပြီးတည်ဆောက်ရန် မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ခွင့်ပြု

ဂျေရုဆလင်မြို့ အရှေ့ပိုင်း၌ တည်ဆောက်ရေးလုပ်ငန်းများ ၁၀လကြာ ထိန်းချုပ်ကန့်သတ်ထားရှိမှုများသည် ပြီးခဲ့သည့်လမှစတင်ကာ ပြန်လည်ခွင့်ပြုကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟူက ပြောကြားသည်။

ယင်းအိမ်ရာသစ်တည်ဆောက်ရေးသည် အမေရိကန်၏သြဇာကို တားဆီးဟန့်တားသည့် သဘောသက်ရောက်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် ယူအေအီးနှင့်တောင်ကိုရီးယား သဘောတူညီ

အဘူဒါဘီ ဒီဇင်ဘာ ၂၉

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) အစိုးရနှင့် တောင်ကိုရီးယားအစိုးရတို့သည် ယူအေအီးနိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံလေးရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်းသည့် သဘောတူစာချုပ်ကို ဒီဇင်ဘာ ၂၇ရက်က လက်မှတ်ရေးထိုးကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကုန်ကျမည်

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းသည် ယူအေအီးသုံးငွေ ဒါဟမ်၇၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅ ဘီလီယံခန့်) ကုန်ကျမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘူတာရုံဗုံးခွဲမည်ဟု ပြင်သစ်၌ ခြိမ်းခြောက် မီးရထားဝန်ထမ်းများ ဘေးကင်းရာ ရွှေ့ပြောင်း

ပါရီ ဒီဇင်ဘာ ၂၉

ပြင်သစ်နိုင်ငံ ဟောတီဆော်နီပြည်နယ် ဗီဆိုးဘူတာရုံတွင် ဗုံးများထောင်ထားကြောင်း တယ်လီဖုန်းဖြင့် ခြိမ်းခြောက်သဖြင့် ပြင်သစ်ရဲများက မီးရထားဝန်ထမ်းများနှင့် ခရီးသည်စုစုပေါင်း ၆၀ကျော်ကို ဘေးကင်းရာသို့ ဒီဇင်ဘာ ၂၇ ရက်က ရွှေ့ပြောင်းထားလိုက်သည်။

ချထား

ဗုံးရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာတစ်ဝိုက်တွင် လုံခြုံရေးများ ဝိုင်းရံချထားသည်။

ကင်းရှင်း

တစ်နာရီကျော်ကြာမျှ ဗုံးရှာဖွေရေးလုပ်ငန်းများလုပ်သော်လည်း ဗုံးတစ်လုံးမျှ မတွေ့ရှိသည့်အတွက် အန္တရာယ်အားလုံး ကင်းရှင်းသွားပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

သံမဏိတံတိုင်း တည်ဆောက်မှု ရပ်တန့်ရန် ဟာစ်ဇ်ဘိုလာ အတွင်းရေးမှူးချုပ် အီဂျစ်နိုင်ငံကို မေတ္တာရပ်ခံ

ကိုင်ရို ဒီဇင်ဘာ ၂၉

ထောက်ပံ့ရေး ဥမင်လိုဏ်ခေါင်းလမ်းများကို ပြတ်တောက်သွားစေမည့် ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နယ်စပ်တစ်လျှောက် ရောမသံမဏိတံတိုင်းကြီး တည်ဆောက်မှုလုပ်ငန်းကို ရပ်တန့်ရန် အီဂျစ်အစိုးရအား ဟာစ်ဇ်ဘိုလာ အတွင်းရေးမှူးချုပ် ဆေယက်ဟက်ဆန်နာစရာလားက မေတ္တာရပ်ခံသည်ဟု သိရသည်။

ထိုဒေသကို စစ်တပ်ဖြင့်ဝိုင်းထားရုံသာမက ဂါဇာကမ်းမြောင်ဒေသနေပြည်သူများ အသက်ရှင်ရေးမျှော်လင့်ချက်ရရှိစေသည့် လမ်းကြောင်းများကိုပိတ်ရန် သံမဏိတံတိုင်း တည်ဆောက်နေသည်ဟူသော သတင်းများလည်းထွက်နေကြောင်း နာစရာလားက ဘေရွတ်မြို့၌ ပြည်သူထောင်ပေါင်းများစွာကို ဒီဇင်ဘာ ၂၇ရက်တွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထိုသံမဏိတံတိုင်း တည်ဆောက်ရေးလုပ်ငန်းကို ရပ်ဆိုင်းရန်၊ ဥမင်လိုဏ်ခေါင်းရေလျှံမှုမရှိအောင် ဆောင်ရွက်ရန်နှင့် စစ်တပ်ဖြင့် ဝိုင်းထားခြင်းကို အဆုံးသတ်ရန် အီဂျစ်အစိုးရနှင့် ခေါင်းဆောင်ပိုင်းကို မိမိတို့မေတ္တာရပ်ခံပါကြောင်း၊ ယင်းသို့မဆောင်ရွက်ပါက ဝိုင်းဝန်းပြစ်တင်ရှုတ်ချမှုကို ခံကြရလိမ့်မည်ဖြစ်ကြောင်းလည်း နာစရာလားက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ဂရိတ်တားနိုအီဒါဒေသရှိ ဟွန်ဒါမော်တော်ကားထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယီမင်ကုန်တင်သင်္ဘော ပြန်ပေးဆွဲခံရ

ဆားနား ဒီဇင်ဘာ ၂၉

အိန္ဒိယသမုဒ္ဒရာသို့ ဦးတည်မောင်းနှင်လာသည့် ယီမင်ကုန်တင်သင်္ဘောမှာ ဆိုမာလီပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲမှုကိုခံခဲ့ရကြောင်း ယီမင်စစ်ဘက်က ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂရိနိုင်ငံ အေဒင်ဆိပ်ကမ်းမှ သင်္ဘောသား၁၆ဦးနှင့်အတူ ဒီဇင်ဘာ ၁၈ရက်က ထွက်ခွာလာခဲ့ပြီး ဒီဇင်ဘာ ၂၈ရက်တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်ဟု သင်္ဘောပိုင်ရှင် အယ်မာမွတ်-၂ က အတည်ပြုပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှား လာဝူတောင်၌ တောင်တက်စဉ် နှစ်ဦးသေဆုံး

ဂျကာတာ ဒီဇင်ဘာ ၂၉

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်ရှိ လာဝူတောင်၌ အားလပ်ရက်တောင်တက်လေ့ကျင့်မှု ပြုလုပ်နေစဉ် နှစ်ဦးသေဆုံးပြီး အခြားခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဂျကာတာသတင်းဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ကြေညာသည်။

အဆိုပါ ဘလိုရာကွန်ဒရိမိုတို တောင်တက်အဖွဲ့တွင် အဖွဲ့ဝင် ၁၂၅ ဦး ပါဝင်ပြီး ဒီဇင်ဘာ ၂၆ရက် နံနက်ပိုင်း နေသာချိန်၌ လာဝူတောင်ပေါ်သို့ တက်ခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် မွန်းလွဲပိုင်း၌ မိုးအနည်းငယ်ရွာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ကယ်ဆယ်ရေးဆောင်ရွက်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့အတွင်း အသေခံဗုံးဖောက်ခွဲသည့်နေရာတွင် လူနာတင်ယာဉ်များ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါကစ္စတန်တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ၃၂ဦးသေဆုံး၊ ၈၀ကျော်ဒဏ်ရာရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ ဒီဇင်ဘာ ၂၈ရက်က ရှီးယိုက်ဘာသာရေးပွဲတော်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၃၂ဦးထက်မနည်း သေဆုံးပြီး လူ၈၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

ယင်းဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အမည်မသိ အကြမ်းဖက်သမားများနှင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုလည်း ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်အားပြင်းထန်သည့် ဗုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ မော်တော်ယာဉ် ၁၅စီးကျော်မှာလည်း မီးလောင်ပျက်စီးခဲ့သည်။ ယခုဗုံးပေါက်ကွဲမှုမှာ ကရာချိမြို့၌ သုံးရက်အတွင်း တတိယအကြိမ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂၇ ရက်က ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲမှု၌လည်း ၁၅ဦးသေဆုံးခဲ့သည်။

နှိုးဆော်ထား

ယင်းကဲ့သို့ ဗုံးပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွားမှုကြောင့် ပါကစ္စတန်နိုင်ငံအတွင်း လုံခြုံရေးတင်းကျပ်စွာချထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အမြဲသတိရှိနေကြရန် နှိုးဆော်ထားကြောင်း ဆင်ဟွာသတင်း၌ ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ခတ္တမန္ဒူ အနောက်တောင်ဘက်၌ ဗုံးပေါက်ကွဲ

ခတ္တမန္ဒူ ဒီဇင်ဘာ ၂၉

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော် အနောက်တောင်ဘက် မိုင် ၅၀ခန့်အကွာ ချစ်ဝမ်ခရိုင်တွင် ဒီဇင်ဘာ ၂၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် မိသားစုဝင်သုံးဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲ

ပေါက်ကွဲသည့်ဗုံးမှာ ပြည်တွင်းစစ်အတွင်းက ကျန်ရစ်ခဲ့သည့်ဗုံးဖြစ်သည်ဟု ရဲတပ်ဖွဲ့က ကြေညာသည်။ နီပေါနိုင်ငံ၌ မပေါက်ကွဲသေးသည့် မြေမြှုပ်ဗုံးအများအပြားရှိပြီး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေ ၁၆၀၀ကျော်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ခွင် ၂၀၀၉ခုနှစ်ကို သတင်းအနှစ်ချုပ်ရပါလျှင် ....

ဤအချိန်ကာလသည် ၂၀၀၉ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀သို့ နှစ်သစ်ကူးတော့မည့် အခါသမယဖြစ်သည်။ ၂၀၀၉ခုနှစ်သည် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ရာစုနှစ်၏ ပထမဆယ်နှစ်အတွင်းတွင် လည်းကောင်း ထူးခြားသည့်နှစ်ဖြစ်သည်-

(ယမန်နေ့ကအဆက်)

အမေရိကန် သမ္မတ ဘားရက် အိုဘားမားနှင့် တရုတ် သမ္မတ ဟူကျင်ထောင်း။

တရုတ်-အမေရိကန်သံတမန်ဆက်ဆံမှု

တရုတ်-အမေရိကန်သံတမန်ဆက်ဆံရေး စတင်ထူထောင်သည့် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အထူး အခမ်းအနားတွင် နယူးယောက်စတော့ဈေးကွက်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ ရက်၌ ဖွင့်လှစ်လိုက်သည်။

ဖွင့်လှစ်

အခမ်းအနား၌ အမေရိကန်နိုင်ငံ တရုတ်-အမေရိကန်ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စတီဖင်အေအော်လင်းက ဈေးဖွင့် ခေါင်းလောင်းကိုတီးကာ ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ယင်းနောက် အမေရိကန်-တရုတ်ဆက်ဆံရေးကို အဓိကလမ်းဖောက်ပေးသူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာက ခေါင်းလောင်းကို ဆက်တီးသည်။ တရုတ်-အမေရိကန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၇၉ခုနှစ် ဇန်နဝါရီ ၁ ရက်က တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။ မူလက အမေရိကန်ကုမ္ပဏီများဖြင့်သာ ဖွင့်လှစ်ခဲ့သည့် နယူးယောက်စတော့ဈေးကွက်၌ ယခုအခါ တရုတ်ပြည်မမှ ကုမ္ပဏီ ၄၁ခု လာရောက် လုပ်ကိုင်လျက်ရှိသည်။

အုပ်စု-၂၀ ထိပ်သီးအစည်းအဝေး

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရှေ့ပိုင်း အိတ်ဆဲလ်ညီလာခံခန်းမ၌ ၂၀၀၉ခုနှစ် ဧပြီ ၂ရက်က ကျင်းပပြီးစီးသွားသော အုပ်စု ၂၀(ဂျီ-၂၀) နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးက ကမ္ဘာကြီးကို လက်ရှိငွေရေးကြေးရေး အကျပ်အတည်းမှ ရုန်းထွက်နိုင်ရေးကူညီရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ကြေညာခဲ့သည်။

အာမခံ

ဘဏ္ဍာငွေကြေး အကျပ်အတည်းကြောင့် ထိခိုက်သည့်နိုင်ငံများအား ငွေချေးရန် အိုင်အမ်အက်ဖ်သို့ ဒေါ်လာဘီလီယံ ၅၀၀၊ ဆင်းရဲသောနိုင်ငံများအတွက် ဘက်စုံဖွံ့ဖြိုးရေးဘဏ်များသို့ ဒေါ်လာ ဘီလီယံ ၁၀၀၊ အဆင်းရဲဆုံးနိုင်ငံများအား ငွေချေးရန် အိုင်အမ်အက်ဖ်သို့ ဒေါ်လာ ၆ဘီလီယံ ပေးမည့် အစီအစဉ် အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ထရီလီယံ ထောက်ပံ့မည်ဖြစ်ကြောင်း အုပ်စု-၂၀ နိုင်ငံများက အာမခံလိုက်သည်။

ကြိုဆို

၂၀၀၉ခုနှစ် စက်တင်ဘာ ၂၄ရက်၊ ၂၅ရက်တွင် ပစ္စဘတ်၌ကျင်းပသည့်အုပ်စု-၂၀ထိပ်သီးအစည်းအဝေး၌လည်း ယခုကဲ့သို့သော ဘဏ္ဍာငွေကြေးအကျပ်အတည်းမျိုး နောက်ထပ်မကြုံရစေရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အုပ်စု-၂၀နိုင်ငံများက စက်မှုထိပ်သီးရှစ်နိုင်ငံ (အုပ်စု-၈)အစား၊ ကမ္ဘာ့စီးပွားရေးနှင့် ပတ်သက်၍ ပိုမိုတာဝန်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အတိတ်ကထက် ပိုမိုကျယ်ပြန့်စွာ ပါဝင်လာခွင့်ရရှိသည့်အတွက် ဂျီ-၂၀ လန်ဒန်ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက ကြိုဆိုလိုက်သည်။

အီးယူထိပ်သီးအစည်းအဝေး

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ ၂၀၀၉ခုနှစ် ဇွန် ၁၈ရက်က စတင်သည့်အဖွဲ့ဝင် ၂၇နိုင်ငံပါဝင်သော ဥရောပသမဂ္ဂ (အီးယူ)၏ နှစ်ရက်ကြာထိပ်သီးအစည်းအဝေးက အလုပ်လက်မဲ့ပြဿနာနှင့် ဘဏ္ဍာရေး ကြီးကြပ်ရေး အပါအဝင် စီးပွားရေးကိစ္စများနှင့်တကွ အခြားသောအဖွဲ့အစည်းများဆိုင်ရာကိစ္စများကို ဆွေးနွေးဆုံးဖြတ်သည်။

ကျင်းပ

အလားတူပင် ထိပ်သီးအစည်းအဝေးများကို ကျင်းပရာ၌ ဒိန်းမတ်ဝန်ကြီးချုပ် အင်ဒါးစ်ဖော့ရပ်စ်မြူဆင်အား အတွင်းရေးမှူးချုပ်သစ်အဖြစ် ရွေးချယ်ခန့်အပ်သည့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)၏ (၂၁)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို စထရာဘိုး၌ ၂၀၀၉ ခုနှစ် ဧပြီ ၃ ရက်နှင့် ၄ ရက်က လည်းကောင်း၊ အမေရိကနိုင်ငံများ၏ (၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ဧပြီ၁၇ရက်ကလည်းကောင်း အသီးသီး ကျင်းပသည်။

အစည်းအဝေး

မြောက်အတ္တလန္တိတ် စာချုပ် အဖွဲ့ (နေတိုး)၏ (၂၁)ကြိမ်မြောက် ထိပ်သီး အစည်းအဝေး။

ဆွေးနွေး

အဖွဲ့ဝင် ၂၇နိုင်ငံခေါင်းဆောင်များ တက်ရောက်သည့် ယခုနှစ် နေတိုးထိပ်သီးအစည်းအဝေးမှာ နေတိုးအဖွဲ့စတင်ထူထောင်သည့် အကြိမ်(၆၀)မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကျင်းပခြင်းလည်းဖြစ်ပြီး အာဖဂန်နစ္စတန်နှင့် ပတ်သက်သည့်ကိစ္စများကိုလည်း ဆွေးနွေးကြသည်။

တမီးလ်ကျားသူပုန်တို့၏နိဂုံး

သီရိလင်္ကာနိုင်ငံ ခွဲထွက်ရေးတမီးလ်ကျားသူပုန်အဖွဲ့မှ ခွဲထွက်လာသည့်အုပ်စုတစ်စုသည် ၂၀၀၉ခုနှစ် မတ်လ၇ရက်က အစိုးရထံ လက်နက်ချကြောင်း ထိုအုပ်စု၏ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသို့ ပြောကြားသည်။ အစိုးရတပ်ဖွဲ့နှင့် ကျားသူပုန်တို့ တိုက်ခိုက်နေကြသည့် သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းမှ ပြည်သူ ၃၉၃၂၄ဦးတို့ နေအိမ်ကိုစွန့်ခွာပြီး အစိုးရ၏ သက်သာချောင်ချိရေးစခန်းများသို့ လာရောက်ခိုလှုံကြကြောင်း ၂၀၀၉ ခုနှစ် မတ်လ ၁၂ ရက်က ကြေညာသည်။

စာနာထောက်ထား

မြောက်ပိုင်းခရိုင်နှစ်ခုတွင် အရပ်သား ၂၃၀၀၀၀အထိ တိုက်ပွဲကြားပိတ်မိနေသည်ဟု လူသားချင်းစာနာထောက်ထားရေးအဖွဲ့များက ပြောကြားသည်။ ၁၉၈၃ ခုနှစ်က စတင်ခဲ့သည့် ဤပြည်တွင်းစစ်တွင် သေဆုံးသူ ၇၀၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

ထုတ်လွှင့်ပြသ

တမီးလ် ကျားသူပုန်အဖွဲ့သည် အသေခံဗုံးခွဲခါးပတ်များသုံးခြင်း၊ အမျိုးသမီးများအား အသေခံဗုံးခွဲစေခြင်းနှင့် တကွ အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီအား ၁၉၉၁ခုနှစ်ကလည်းကောင်း၊ သီရိလင်္ကာ သမ္မတ ရာနာဆင်ဂီပရီမာဒါဆာအား ၁၉၉၃ ခုနှစ်ကလည်းကောင်း လုပ်ကြံခဲ့ခြင်း၊ ကြည်း၊ ရေ၊ လေ လက်နက်ကိုင် ပုန်ကန်နိုင်ခြင်းတို့ကြောင့် ထင်ရှားသည့် သူပုန်အုပ်စုဖြစ်သည်။ နိုင်ငံပေါင်း ၃၂ နိုင်ငံကလည်း ယင်းကိုအကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည်။ ၂၀၀၉ ခုနှစ် မေလ ၁၉ ရက်တွင် တမီးလ်ကျားသူပုန်ခေါင်းဆောင် ပရာဘာကာရန်၏ အလောင်းကို တွေ့ပြီဟု သီရိလင်္ကာ တပ်မတော်က ကြေညာပြီးတစ်ဆက်တည်းမှာပင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလိုက်သောအခါ ၂၆နှစ်ကြာ တမီးလ်ကျားသူပုန် လှုပ်ရှားမှု သီရိလင်္ကာနိုင်ငံ၌ နိဂုံးချုပ်သွားကြောင်း ကမ္ဘာကသိလိုက်ကြရသည်။

အီရန်နျူကလီးယားအစီအစဉ်

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်မှာ ၂၀၀၉ခုနှစ်အတွင်းတွင် လိပ်ခဲတည်းလည်းဖြစ်လျက်ပင်ရှိသည်။ အီရန်၏ယခင်က မကြေညာသည့်နျူကလီးယား ဆောင်ရွက်ချက်များကို အိုင်အေအီးအေက စတင်စုံစမ်းစဉ် ၂၀၀၃ ခုနှစ်ကတည်းက ယင်းကိစ္စအပေါ် အုပ်စုရှစ် (ဂျီ-၈)က စိုးရိမ်မကင်းရှိကြောင်း ကြေညာသည်။

အကြောင်းကြား

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်မှာ အမေရိကန်၏အကူအညီ ရယူကာ ၁၉၅၀ ပြည့်လွန်နှစ်များကစခဲ့သည်။ သို့သော် ၁၉၇၉ခုနှစ် အစ္စလာမ္မစ်တော်လှန်ရေးကစ၍ ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ အီရန်၏ရေနံသိုက်မှာ ၇၅ နှစ်စာသာကျန်တော့သည်ဆိုသောအခါ နောက်မဆုတ်သာသလိုဖြစ်လာသည်။

၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် ဒုတိယမြောက် ယူရေနီယံ သန့်စင်ရေး စက်ရုံတည်ဆောက်လျက်ရှိကြောင်း အိုင်အေအီးအေကို အီရန်က အကြောင်းကြားသည်။

အီရန်နိုင်ငံ ယူရေနီယံ သန့်စင်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာ။



သဘောတူညီ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က ယင်းကိစ္စကိုဦးဆောင်ဆွေးနွေးလျက်ရှိသည့်အပြင် လုံခြုံရေးကောင်စီက အစီအစဉ်ရပ်ရန် ဆုံးဖြတ်ချက်များ ချမှတ်တိုက်တွန်းထားသည်။ နျူကလီးယားမပြန့်ပွားရေးစာချုပ်ဝင် အီရန်ကငြိမ်းချမ်းစွာအသုံးပြုရေးအတွက် ဆောင်ရွက်ခွင့်ရှိသည်ဟု ရပ်တည်သည့်အလျောက် ဤအရေးတွင် အီရန်ပြည်သူ၊ နိုင်ငံရေးပါတီအားလုံးနီးပါးနှင့် အီရန်အစိုးရတို့ သဘောထားတူညီလျက်ရှိသည်။ အီရန်၏ နျူကလီးယားအစီအစဉ်ကို သံတမန်ရေးအရ ဖြေရှင်းရေး ရုရှားနှင့်တရုတ်တို့က ဒီဇင်ဘာလကုန်ပိုင်းတွင် တိုက်တွန်းထားသည်။ ။ **ကိုးကား-အင်တာနက်**

(ဆက်လက်ဖော်ပြပါမည်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

တရုတ်ရှင်ဆင်း၌ ဝန်ချီစက်ပြုတ်ကျ၊ ငါးဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်း ရှင်ဆင်းမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဝန်ချီစက်တစ်လုံး ပြုတ်ကျရာ ငါးဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာအစိုးရက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်

ရုရှားနိုင်ငံသည် ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသစခန်းမှနေ၍ အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တု တင်ဆောင်သွားသည့် ပရိုတွန်-အမ်ကုန်တင်အာကာသဒုံးပျံကို ဒီဇင်ဘာ ၂၉ရက်က လွှတ်တင်လိုက်သည်။

စင်ကာပူကုမ္ပဏီငယ်များ ငွေကြေးထောက်ပံ့မှုရရှိမည်

စင်ကာပူနိုင်ငံရှိ အသေးစားကုမ္ပဏီများသည် စင်ကာပူအစိုးရထံမှ ငွေကြေးအထောက်အပံ့များ ဆက်လက်ရရှိကြမည်ဟု စင်ကာပူအစိုးရက ဒီဇင်ဘာ ၂၈ ရက်တွင် ကြေညာသည်။ ထိုကြေညာချက်ကို စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရုတ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေထူထောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် လုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မှုပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဦးဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေကို ဒီဇင်ဘာ ၂၈ရက်က ထူထောင်လိုက်သည်။

မက္ကဆီကို၌ လေယာဉ်ငယ်ပျက်ကျ၊ လေးဦးသေဆုံး

မက္ကဆီကိုနိုင်ငံ အနောက်ပိုင်း ဂျာလက်စကိုပြည်နယ်၌ ဒီဇင်ဘာ၂၈ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျရာမှ လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးသေဆုံးသွားကြောင်း မြို့ပြကာကွယ်ရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် မာရီယိုဂွါရီရိုဒယ်ဂါဒိုက ပြောကြားသည်။

အကြမ်းဖက်သမားများအား တူရကီဆက်ချေမှုန်းမည်

တူရကီနိုင်ငံသည် အကြမ်းဖက်သမားများအား ဆက်လက်ချေမှုန်းမည်ဟု ဆုံးဖြတ်ထားကြောင်း တူရကီနိုင်ငံ၏ ထိပ်တန်းလုံခြုံရေးဘုတ်အဖွဲ့က ဒီဇင်ဘာ ၂၉ရက်တွင် ကြေညာသည်။ ထို့အပြင် တူရကီနိုင်ငံ၌ တင်းမာမှုများတိုးပွားလာသဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုရှိကြရန် ဆော်ဩလိုက်သည်။

အကြမ်းဖက်သမားအား သတိထားကြရန် အိုဘားမားနှိုးဆော်

အမေရိကန်ခရီးသည်တင်လေယာဉ်တစ်စင်းကို ဒီဇင်ဘာ ၂၅ ရက်က အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ပြီးနောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အကြမ်းဖက်သမားများကို သတိဝီရိယထားကြရန် အမေရိကန်ပြည်သူတို့အား ဒီဇင်ဘာ ၂၈ ရက်က တိုက်တွန်းနှိုးဆော်လိုက်သည်။

အယ်လ်ဂျီးရီးယား၌ ဓာတ်ငွေ့အိုးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

အယ်လ်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ ဓာတ်ငွေ့အိုးပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်အေပီအက်စ်သတင်းဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ဖော်ပြသည်။

မကာအို၌ A(H1N1) ရောဂါကာကွယ်ဆေးထိုးမည်

မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ(ဆား)အစိုးရသည် A(H1N1)တုပ်ကွေးရောဂါ နောက်ထပ်ဖြစ်ပွားလျှင် တိုက်ဖျက်ရန် ကြိုးပမ်းသည့်အနေဖြင့် လာမည့် ဇန်နဝါရီ ၁ ရက်မှစ၍ မကာအို၌ နေထိုင်သူအားလုံးကို ကာကွယ်ဆေးထိုးပေးသွားရန် ဆုံးဖြတ်ကြောင်း မကာအိုအမှုဆောင်အရာရှိချုပ် ချွီဆိုင်အွန်က ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

မစ္စစ္စပီတွင် တိုက်ခန်းမီးလောင်၊ ကိုးဦးသေဆုံး

အမေရိကန်ပြည်ထောင်စု မစ္စစ္စပီပြည်နယ်ရှိ တိုက်ခန်းတစ်ခန်းတွင် မီးလောင်မှုဖြစ်ပွားသဖြင့် ကလေးအချို့အပါအဝင် ကိုးဦးသေဆုံးသွားကြောင်း ဒေသတွင်းရုပ်မြင်သံကြားအစီအစဉ်က ဒီဇင်ဘာ ၂၉ ရက်၌ ကြေညာသည်။ (အင်တာနက်)

30-12 (05).pmd 1 12/30/2009, 1:54 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး

စိုင်းသီဟ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ (၆၂)နှစ် ပြည့်မြောက်တော့မည် ဖြစ်သည်။ လွတ်လပ်ရေးဟူသည် နိုင်ငံနှင့်လူမျိုး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးကို လွတ်လပ်စွာ ဆောင်ရွက်စီမံပိုင်ခွင့်ပင် ဖြစ်ပေသည်။ ဤသို့ စီမံဆောင်ရွက်ပိုင်ခွင့်မျိုးကို မြန်မာနိုင်ငံနှင့် မြန်မာအမျိုးသားတို့ နှစ်ပေါင်း ၁၀၀ကျော် လက်လွှတ်ဆုံးရှုံးခဲ့ရဖူးကြောင်း အားလုံးအသိပင်။

မလွတ်လပ်ခဲ့သော သူ့ကျွန်ဘဝတွင် တိုင်းတစ်ပါးသားတို့ ခြယ်လှယ်အုပ်စိုးသမျှကိုသာ ခံခဲ့ကြရသည်။ မိမိနိုင်ငံကို မိမိတို့ပြည်သူအားလုံး လိုလားနှစ်ခြိုက်သော အနှစ်သာရ အသွင်သဏ္ဌာန်မျိုးဖြင့် ဖန်တီးတည်ဆောက်ခွင့် မရရှိခဲ့ကြပေ။ ယင်းသို့သော အခြေအနေမှ တစ်မျိုးသားလုံး ရုန်းထွက်နိုင်ရန်အတွက် နည်းလမ်းများကို ရှာကြံခဲ့ကြသည်။ နယ်ချဲ့တို့ကို လက်ရုံးရည်၊ နှလုံးရည်ဖြင့် အန်တုယှဉ်ပြိုင်ခဲ့သည်။ နောက်ဆုံးတွင် တစ်မျိုးသားလုံး၏ စိတ်ဓာတ်ဖြင့် အသက်သွင်းထားသော အမျိုးသားတပ်မတော်တစ်ရပ် ဖွဲ့စည်းတည်ထောင်နိုင်သည့်အခါကျမှ လွတ်လပ်ရေးလမ်းစ ပိုပြီးပွင့်လန်းလာခဲ့သည်။

အမျိုးသားတပ်မတော်ကြီးဖွဲ့စည်းပြီး မြန်မာတို့ လွတ်လပ်ရေးကို ကြိုးပမ်းရယူခဲ့ကြသည်မှာ အမိနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း တက်လှမ်းနိုင်သော နိုင်ငံအဖြစ် ထူထောင်တည်ဆောက်လို၍ ဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်တည်ဆောက်ရေးကို ဝိုင်းဝန်းကြိုးပမ်းလို၍ပင် ဖြစ်သည်။ ထိုသဘောသည် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့် ကာလအတွင်းတွင် ပို၍ပေါ်လွင်ထင်ရှားခဲ့သည်။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးတွင် ဦးဆောင်ပါဝင်ပြီး ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲနေသည့် မျိုးချစ်ဗမာ့တပ်မတော် (PBF) တပ်မှူးကြီးများသည် ၁၉၄၅ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့တွင် ပဲခူးမြို့၌ အစည်းအဝေးကျင်းပပြီး အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။

အောက်ပါကြေညာစာတမ်းကို ဗမာ့တပ်မတော်ခေါင်းဆောင်အရာရှိကြီးများ၏ အစည်းအဝေးက ထုတ်ပြန်ကြေညာလိုက်ကြောင်း။ (နေ့စွဲ ၁၂-၈-၁၉၄၅) နံနက် ၁၁နာရီ

"ယခုအခါ ဂျပန်ဖက်ဆစ်များသည် ကျွန်ုပ်တို့တပ်မတော်နှင့် နိုင်ငံပေါင်းစုံ မဟာမိတ်နိုင်ငံများ ဝိုင်းဝန်းတိုက်ခိုက်သည်ကို ဖက်ပြိုင်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ လက်နက်ချရန် စကားများပင် ကမ်းလှမ်းပြီးလေပြီ။

"ကမ္ဘာစစ်ကြီးကား ပြီးတော့မည်၊ သို့ရာတွင် ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားများ၏အရေးကား မပြီးသေး။ ကျွန်ုပ်တို့နိုင်ငံ၏ အရေးတစ်ခုလုံးသည် ကျွန်ုပ်တို့တပ်မတော်နှင့် လွတ်လပ်ရေးလိုချင်သူအားလုံး သက်စွန့်ကြိုးပမ်း ထမ်းဆောင်လာခဲ့ရသည်နှင့်အမျှ ထိရောက်စွာ အောင်မြင်ရန်အတွက် ဗမာနိုင်ငံရှိ ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တညီတညွတ်တည်း ဆက်လက်ဆောင်ရွက်ရန် အထူးလိုပေသည်။

"ကျွန်ုပ်တို့ တပ်မတော်သားအားလုံးသည်လည်းကောင်း၊ ဗမာနိုင်ငံ လွတ်လပ်ရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည် လည်းကောင်း၊ ဤမျှ အပင်ပန်း အဆင်းရဲ အနစ်နာ အသေအကျေခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တစ်ဆုပ်မျှရှိသော လူတစ်စု၏ ကောင်းစားမှုကိုသာလည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသာလည်းကောင်း ရည်မှန်းလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည်မဟုတ်ဘဲ ဗမာနိုင်ငံ လူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့သည့်အကြောင်းကို ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုပေကြောင်း။

"ထို့ကြောင့် ကျွန်ုပ်တို့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးက ဗမာနိုင်ငံအတွင်း ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သူအပေါင်းက စိတ်ဝမ်းကွဲပြားခြင်းအလျှင်းမရှိဘဲ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးအတွင်းသို့ ထိရောက်စွာ ဝင်ရောက်လုပ်ကိုင်ကာ ဗမာနိုင်ငံ လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း နှောင့်နှေးဆိုင်းငံ့ခြင်း၊ အလျှင်းမရှိဘဲ ဆောင်ရွက်ကြရန် ပြင်းထန်စွာ တိုက်တွန်းလိုက်ပါကြောင်း။"

၁။	ဗိုလ်ချုပ်အောင်ဆန်း	စစ်သေနာပတိ
၂။	ဗိုလ်မှူးကြီးလက်ျာ	ဒုတိယစစ်သေနာပတိ
၃။	ဗိုလ်မှူးကြီးဇေယျ	စစ်ဦးစီးမှူး
၄။	ဗိုလ်မှူးကြီးနေဝင်း	ရှေ့တန်းစစ်ဌာနချုပ်မှူး
၅။	ဗိုလ်မှူးမောင်မောင်	တိုင်းအမှတ်(၁)မှူး
၆။	ဗိုလ်မှူးအောင်ကြီး	မြစ်ဝကျွန်းပေါ်တိုင်းမှူး
၇။	ဗိုလ်မှူးကျော်ဇော	တိုင်းအမှတ်(၄)မှူး
၈။	ဗိုလ်မှူးရဲထွဋ်	တိုင်းအမှတ်(၆)မှူး
၉။	ဗိုလ်မှူးအောင်	တိုင်းအမှတ်(၇)မှူး
၁၀။	ဗိုလ်ကြီးအာဋ္ဌဝက	အထက်ဗမာပြည်တိုင်းမှူး

အဆိုပါကြေညာချက်ကို လေ့လာပါက တပ်မတော်၏ အမျိုးသားနိုင်ငံရေးသဘောထားကို လေးနက်စွာ တွေ့ရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏အရေးတစ်ခုလုံးသည် တပ်မတော်နှင့် လွတ်လပ်ရေးကို လိုလားသူအားလုံး သက်စွန့်ကြိုးပမ်း ထမ်းဆောင်လာခဲ့သည်နှင့်အမျှ ထိရောက်အောင်မြင်ရေးအတွက် မြန်မာနိုင်ငံကို ဆက်လက်ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များ(နိုင်ငံရေးသမားများ)နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ ဤလွတ်လပ်ရေးကြိုးပမ်းမှုသည် လက်တစ်ဆုပ်စာ လူတစ်စု ကောင်းစားရေးအတွက် မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး ကောင်းစားရေးအတွက်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကိုခေါင်းဆောင်မည့် ပုဂ္ဂိုလ်များ (နိုင်ငံရေးသမားများ)နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် (အမျိုးသားနိုင်ငံရေး)တပ်ပေါင်းစုဖြစ်သော ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အတွင်းသို့ ဝင်ရောက်ပူးပေါင်းပြီး နိုင်ငံ့လွတ်လပ်ရေးနှင့် နိုင်ငံပြန်လည်ထူထောင်ရေး (နိုင်ငံတော်တည်ဆောက်ရေး) လုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

သို့ရာတွင် မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် နီးစပ်လာသည့်ကာလတွင် ပါတီနိုင်ငံရေးအင်အားစုများ ပြိုကွဲခဲ့ကြသည်။ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အာဏာလုပွဲများဖြင့် ပါတီနိုင်ငံရေးလှုပ်ရှားမှုများ ရှေ့တန်းရောက်လာခဲ့သည်။ အမျိုးသားနိုင်ငံရေး တပ်ပေါင်းစုကြီးဖြစ်သည့် ဖဆပလအဖွဲ့ချုပ်ကြီးကို ပြည်သူလူထုက တစ်ခဲနက် ထောက်ခံအားပေးနေသည့်ကြားမှပင် တပ်ပေါင်းစုထဲမှ နိုင်ငံရေးပါတီအချို့ ကွဲအက်ပြီး၊ ခွဲထွက်ခဲ့ကြသည်။ ပြည်သူလူထုအတွင်းသို့ ပါတီနိုင်ငံရေး အကွဲအပြဲ ပယောဂများ မဝင်ရောက်နိုင်မီကာလမှာပင် စည်းလုံးညီညွတ်မှုအင်အားဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ တပ်ပေါင်းစုအတွင်း ကျန်ရှိနေသော အမျိုးသားနိုင်ငံရေးအင်အားစုများဖြင့် မြန်မာနိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြမည်ဟု ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အောက်ပါအတိုင်း လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန် ပြုခဲ့ကြပြန်သည် -

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောကမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သောအခွင့်အရေးကိုခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းရမည်။

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံသားဟူသရွေ့ကို ကြီးငယ်နိမ့်မြင့် မခြား တစ်သွေးတစ်သားတည်းပြု၍ နည်းများ နိမ့်မြင့် မရှိစေရ၊ ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုမှုခြင်းကိုလည်းမခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်ရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာအဆက်ဆက်အပေါ်၌ တည်စေမည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်ကာလက လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ နိုင်ငံတော် ထူထောင်တည်ဆောက်ရေးကို ရှေးရှုဦးတည်ခဲ့ကြသည်။ လုံးဝဥသံ နိုင်ငံတော်ကို မတည်ဆောက်နိုင်သည့်တိုင် တည်ဆောက်နိုင်သည့်အပိုင်းကို တည်ဆောက်ခဲ့ကြသည်။ ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းနိုင်ခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်နှင့် စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး အတွက် ဖြစ်နိုင်သမျှသော အခြေခံကောင်းများကိုလည်း တည်ဆောက်ပေးထားပြီး ဖြစ်သည်။ ယနေ့အချိန်အခါသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင် တည်ဆောက်ကြရန်အတွက် အကောင်းဆုံးအချိန်အခါပင်ဖြစ်၏။

သိကြကုန်လော့။ ယနေ့ မင်္ဂလာနိုင်ငံတော်ကြီးကို တည်ထောင်ပြီ။

ငါတို့ လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏ သစ္စာကို ကမ္ဘာအဆုံးတိုင် မယိမ်းမယိုင် တည်မည်။

ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သော နိုင်ငံအပေါင်းတို့ တရားသဖြင့် ကျင့်ဆောင်အပ်သော ကျင့်ဝတ်ကိုစောင့်ရှောက် ကျင့်ဆောင်မည်။ ငါတို့၏ လွတ်လပ်ရေးကို ငါတို့ ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့ လေးစားစောင့်စည်းမည်။

ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့် အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။

ဤ ငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် သိကြားစေသတည်း။

(လွတ်လပ်ရေးကြေညာစာတမ်းမှ)

မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းမှ ဖော်ပြပါ လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းအရပ်ရပ်ကို သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းပင် ဖြစ်သည်။ နိုင်ငံရေးသမားများကသာ နည်းလမ်းတကျ မှန်မှန်ကန်ကန် ရှေ့ဆောင်ရှေ့ရွက်ပြုကြပါက တိုင်းရင်းသားပြည်သူများအတွင်း ဤသစ္စာအဓိဋ္ဌာန်အတိုင်း လိုက်နာစောင့်ထိန်း လျှောက်လှမ်းကြမည်မှာ ဧကန်ပင်ဖြစ်သည်။

သို့သော်လည်း မြန်မာ့နိုင်ငံရေး အကွဲအပြဲဇာတ်လမ်းက ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို နှောင့်ယှက်ဟန့်တားဖြိုဖျက်ခဲ့သည်။ နယ်ချဲ့ကို စည်းလုံးညီညွတ်မှုအင်အားပြပြီး မတိုက်မခိုက်ရဘဲ

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၃ မှ

၂၁။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားရှိသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းများ ပြုစုထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ (က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့်စပ်လျဉ်း၍ စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း (၈)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်ရရှိသူကဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ရရှိသူကဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတ်မှတ်ထားသော တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာလိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၂၃။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အရချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

အခန်း (၉)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ဤဥပဒေအရ ကော်မတီကထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါနည်းဥပဒေတစ်ရပ်ရပ်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေအရ ကော်မတီကထုတ်ပြန်သည့် စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

အခန်း (၁၀)

အထွေထွေ

၂၈။ အများပြည်သူနှင့် ဝန်ထမ်းများသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုထိန်းသိမ်းရန် တာဝန်ရှိသည့်အလျောက် ကော်မတီက ထုတ်ပြန်ထားသည့် အမိန့်၊ စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၉။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီမံကိန်းများကိုလည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရမည်။

၃၀။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

၃၁။ ကော်မတီသည် မိမိပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို နိုင်ငံတော်သို့ လွှဲပြောင်းပေးရသည့်အတွက် သင့်တင့်မျှတသောတန်ဖိုး ရရှိခြင်းမရှိပါက တာဝန်ရှိသည့်ဌာနနှင့် အဖွဲ့အစည်းများအား တရားစွဲဆို၍ တောင်းခံနိုင်ခွင့်ရှိသည်။

၃၂။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းကမ်းများနှင့် အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုသည့် စည်ပင်သာယာရေးမှုခင်းများကို မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နိုင်ရန် အလို့ငှာ နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သင့်လျော်သည့် နေရာများတွင် တရားရုံးနှင့် ဥပဒေရုံးများ ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ကော်မတီသည် တရားရုံးချုပ်နှင့်လည်းကောင်း၊ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ ပုဒ်မ ၂၂ အရ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၃၄။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်ဆဲစည်ပင်သာယာရေးအဖွဲ့များ ဥပဒေ၊ ယင်းဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေ၏ ရည်ရွယ်ချက်သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၃၅။ ကော်မတီသည် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယခင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် ရန်ပုံငွေများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဆက်ခံရမည်။

၃၆။ (က) နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းသည့် စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည့်ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေအရ ထမ်းဆောင်ရမည့် အခွန်တံဆိပ်ခေါင်း တန်ဖိုးအပြင် သတ်မှတ်သည့် ရာခိုင်နှုန်းကို တိုးမြှင့်ထမ်းဆောင်ရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ တိုးမြှင့်ထမ်းဆောင်သည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးကို လွှဲပြောင်းရယူရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၇။ ကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန တစ်ခုခုကိုဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၈။ ကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လိုအပ်သော နည်းဥပဒေများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၆ မှ

လွတ်လပ်ရေးရရှိခဲ့သော်လည်း ပြည်တွင်းအင်အားစုအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲပြီး သောင်းကျန်းမှုစစ်ပွဲများ တငွေ့ငွေ့ဖြစ်ပွားခဲ့သည်။ ၁၉၄၈မှ ၁၉၆၂ ခုနှစ်အထိ ၁၄နှစ်တာကာလအတွင်း သောင်းကျန်းမှု ပဋိပက္ခ၊ နိုင်ငံရေးပါတီတွင်း ပဋိပက္ခများကို ဒိုင်ခံဖြေရှင်းနေရခြင်းဖြင့် နိုင်ငံတော်ထူထောင်ရေး နှောင့်နှေးကြန့်ကြာခဲ့ရသည်။ နိုင်ငံတော်တည်ဆောက်ရေးနှင့်ကား ဝေလာဝေးဖြစ်ရုံမက ပြည်ထောင်စုပြိုကွဲမှုဆီကိုပါ ရှေးရှုဦးတည်လာခဲ့သည်။

ထို့ကြောင့်ပင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ရည်မှန်းချက်ကို အမှီပြုကိုးကားပြီး နိုင်ငံတော်ကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ဆောက်ရန် ကြိုးပမ်းခဲ့ကြပြန်သည်။ ပါလီမန် ဒီမိုကရေစီစနစ်နှင့် ၁၄နှစ် ၁၄မိုး စခန်းသွားခဲ့ဖူးသော မြန်မာနိုင်ငံနှင့် တစ်ပါတီ ဆိုရှယ်လစ်စနစ်မှာ အံမဝင်ခွင်မကျ ဖြစ်ခဲ့ရသည်။ ကမ္ဘာနှင့်ချီ၍ ဆိုရှယ်လစ်နိုင်ငံအများအပြား အသွင်ကူးပြောင်းချိန်တန်လာသောအခါ မြန်မာနိုင်ငံလည်း မနေသာတော့ပြီ။ ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်သို့ တပ်မတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုဖြင့် ဦးလှည့်ပြီး အသွင်ကူးပြောင်းခဲ့ရသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို ဦးဆောင်အကောင်အထည်ဖော်ပေးလျက်ရှိသည့် တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားရေးမူဝါဒများ၊ နိုင်ငံတော် ဦးတည်ချက်များနှင့် မူဝါဒလမ်းစဉ် (၇)ရပ်တို့ကို အဆင့်ဆင့်ချမှတ် ဖော်ဆောင် ကျင့်သုံးခဲ့သည်။ နိုင်ငံတော်တည်ဆောက်ရေးကို ပီပီပြင်ပြင် အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍစုံတွင် အခြေခံကောင်းများကို တည်ဆောက်ပေးခဲ့သည်။ ယနေ့တိုင် တည်ဆောက်ပေးနေဆဲလည်း ဖြစ်သည်။

လွတ်လပ်ရေးရပြီးချိန်မှ ပြန်လည်ရေတွက်သော် နှစ်ပေါင်း ၆၀ကျော်အကြာ ခါးသီးသော နိုင်ငံရေးဖြတ်သန်းမှုများကို ကျော်လွန်ပြီးနောက် ယနေ့အချိန်အခါသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းတည်ဆောက်ကြရန် အကောင်းဆုံးအချိန်အခါပင်ဖြစ်သည်ဟု ဆိုရပေမည်။ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းကြီးသည် မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ အဆင့်ဆင့်လက်ဆင့်ကမ်း သယ်ပိုးဆောင်ရွက်ရသည့်လုပ်ငန်းစဉ်ကြီးပင် ဖြစ်သည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်စိုက်ပျိုးရေးနှင့် ပတ်သက်သော ကဗျာစာချိုးလေးတစ်ပုဒ်ကို မကြာခဏ တွေ့မြင်ဖတ်ရှု သတိပြုမိခဲ့သည်။ "နှစ် ၂၀ တစ်ဝိုက်၊ အချိန်ကိုက်၊ ဒို့စိုက်ခဲ့လျှင်၊ အကောင်းဆုံးပင်။ အခုချိန်စိုက်က နောက်မကျ ၊ ဒုတိယအကြိမ်၊ အကောင်းဆုံးပ"ဟူ၍ ညွှန်းဆို

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

ထားသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်ကာလက လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ နိုင်ငံတော်ထူထောင်တည်ဆောက်ရေးကို ရှေးရှုဦးတည်ခဲ့ကြသည်။ လုံးဝဥဿုံ နိုင်ငံတော်ကို မတည်ဆောက်နိုင်သည့်တိုင် တည်ဆောက်နိုင်သည့် အပိုင်းကို တည်ဆောက်ခဲ့ကြသည်။ ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းနိုင်ခဲ့ကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ထွန်းကားပြန့်ပွားအောင်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

ဆောင်ရွက်နိုင်ခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ဖြစ်နိုင်သမျှသော အခြေခံကောင်းများကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်သည်။ ယနေ့အချိန်အခါသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်တည်ဆောက်ကြရန်အတွက် အကောင်းဆုံးအချိန်အခါပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးနေသည့် စွမ်းအင်ကဏ္ဍ

❍ ကျောဖုံးမှ

အကောင်အထည်ဖော်ဆောင်ရွက်

မြန်မာနိုင်ငံမှာလည်း စွမ်းအင်လိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အတွက် နိုင်ငံတော် အစိုးရကချမှတ်ပေးတဲ့ စွမ်းအင်မူဝါဒတွေကို စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေတာကို တွေ့ရှိနေရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၅ရက်က လှိုင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု သတင်းကို ဖတ်ရှုလိုက်ရပါတယ်။ ဒီလို သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုတွေကို သတင်းစာမှာ မကြာခဏတွေ့ရှိနေရလို့ နိုင်ငံတော်အစိုးရရဲ့ စွမ်းအင်ကဏ္ဍ တိုးတက်ရေး ဆောင်ရွက်မှုကို ၁၉၈၈ခုနှစ် မတိုင်မီကနဲ့ ယှဉ်ပြီး တွေးမိပါတယ်။

အလျှံပယ်ရှိနေ

၁၉၈၈ခုနှစ် မတိုင်မီက မြန်မာနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍအခြေအနေကိုကြည့်ရင် ကုန်းတွင်း ရေနံမြေ ၁၉ခု၊ ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အရှည်မိုင် ၂၅၀ ဒသမ ၉၁မိုင်သာ ရှိခဲ့ပါတယ်။ ဒါကိုကြည့်ရင် ကမ်းလွန်ရေနံနဲ့ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအပိုင်းမှာ ၁၉၈၈ခုနှစ်က ထုတ်လုပ်နိုင်မှုမရှိခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းမှာ စွမ်းအင်လိုအပ်ချက်ကိုလည်း ဖူလုံအောင် ဖြည့်ဆည်းနိုင်မှု အားနည်းခဲ့ပါတယ်။ ကုန်းတွင်းရော ကမ်းလွန်ပါ ရေနံနဲ့ သဘာဝဓာတ်ငွေ့ သယံဇာတတွေ အလျှံပယ်ရှိနေပေမယ့် မြန်မာနိုင်ငံမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့ လက်တွေ့ထုတ်လုပ်နိုင်မှု နည်းပါးခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ ဒီအချိန်မှာတော့ မြန်မာနိုင်ငံရဲ့ ကုန်းတွင်းပိုင်းမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့မြေများအဖြစ် လုပ်ကွက် ၄၇ကွက်၊ မုတ္တမ ကမ်းလွန်ပင်လယ်ပြင်၊ တနင်္သာရီ ကမ်းလွန်ပင်လယ်ပြင်နဲ့ ရခိုင်ကမ်းလွန်ပင်လယ်ပြင်စတဲ့ မြန်မာ့ရေပြင်ပိုင်နက်အတွင်းမှာ လုပ်ကွက် ၂၆ကွက်၊ ကမ်းလွန်ရေနက်ပိုင်းဒေသလုပ်ကွက် ၁၈ကွက်တို့ကို ဖော်ထုတ်ပြီး နိုင်ငံခြားကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံ

မုတ္တမကမ်းလွန်လုပ်ကွက်ဖြစ်တဲ့ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှာ ပြင်သစ်နိုင်ငံက တိုတယ်ရေနံကုမ္ပဏီ၊ အမေရိကန်နိုင်ငံက ယူနိုကယ်ကုမ္ပဏီနဲ့ ထိုင်းနိုင်ငံက ပီတီတီအီးပီအိုင် ကုမ္ပဏီတို့က လာရောက်ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုပဲ တနင်္သာရီကမ်းလွန်လုပ်ကွက်ဖြစ်တဲ့ ရဲတံခွန်စီမံကိန်းမှာ မလေးရှားနိုင်ငံ ပတ်ထရိုနပ် ကုမ္ပဏီ၊ ဂျပန်နိုင်ငံ နီပွန်ရေနံကုမ္ပဏီ၊ ထိုင်းနိုင်ငံက ပီတီတီအီးပီအိုင်နဲ့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့



မုတ္တမကမ်းလွန်ဒေသရှိ ရဲတံခွန်သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဖိတ်ခေါ်ခဲ့

ဒါကြောင့်မို့ တပ်မတော်အစိုးရ တာဝန်ယူခဲ့တဲ့ ၁၉၈၈ခုနှစ်က စပြီး ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စွမ်းအင်ကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုရရှိအောင် ဖိတ်ခေါ်

လုပ်ငန်းတို့ ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ လူမှုစီးပွားဘဝမြင့်မားစေဖို့နဲ့

နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုကြီးရဲ့ ရေရှည်အကျိုးစီးပွားအတွက် အစီအစဉ်ရှိရှိ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေတာကြောင့် အခုဆိုရင် မြန်မာနိုင်ငံမှာ ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့မြေအသစ်များဖြစ်တဲ့ ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီးတောင်/စပယ်နှင့် အင်းတော်စတဲ့နေရာများမှာ တိုးချဲ့တူးဖော်ထုတ်လုပ်လျက်ရှိ။ ဒါ့အပြင် ကမ်းလွန်ရေနံမြေသစ်တွေကို တိုးချဲ့ရှာဖွေ တူးဖော်ထုတ်လုပ်နိုင်ဖို့အတွက် ရခိုင်ကမ်းလွန်၊ မုတ္တမကမ်းလွန်၊ တနင်္သာရီကမ်းလွန်တွေမှာ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယား စတဲ့နိုင်ငံတွေက ကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းပြီး ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ ဆက်လက်ရှာဖွေတူးဖော်မှု ပြုလုပ်နေတာမို့ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားပြည်သူတွေ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အားတက်စရာပါ။ ဒီလိုဆောင်ရွက်မှုတွေကြောင့် ကမ္ဘာ့နိုင်ငံတွေ စွမ်းအင်အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာ မြန်မာနိုင်ငံအနေနဲ့ အဲဒီစွမ်းအင် အကျပ်အတည်းက သက်သာရာရရှိခဲ့ခြင်းဟာ နိုင်ငံတော်အကြီးအကဲရဲ့ မှန်ကန်တိကျတဲ့ လမ်းညွှန်မှု၊ ကျယ်ပြန့်လှမ်းမြင်နိုင်တဲ့ အမြော်အမြင် ရှိမှုတွေကြောင့်ဖြစ်။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အ

ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်
စွမ်းအင်သုံးစွဲမှု ဖူလုံစေရေး စနစ်တကျ စီမံကိန်
နေတဲ့အပြင် နိုင်ငံခြားဝင်ငွေရရှိစေဖို့အတွ
စနစ်တကျဆောင်ရွက်နေတယ်ဆိုတာ ပေါ်

လှပဝေဆာ

နိုင်ငံတော်အစိုးရရဲ့ သဘာဝဓာတ်ငွေ
အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုကြ
ရခိုင်ကမ်းလွန်လုပ်ကွက်မှာ တောင်ကိုရီးယ
အိန္ဒိယနိုင်ငံမှ ONGC Videsh လီမိတ
တောင်ကိုရီးယားနိုင်ငံမှ ကိုရီးယားဂက်စ်
ချုပ်ဆို ဆောင်ရွက်နေပြီဖြစ်တာမို့ လာမယ့် ၂
ထွက်တဲ့ သဘာဝဓာတ်ငွေ့တွေ ပြည်ပကို
ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ-တရုတ် ရေနံ
ဖို့အတွက်လည်း သဘောတူစာချုပ်များ ချု
လက်မ ၄၀၊ အရှည် ကီလိုမီတာ ၈၇၀ရှိတဲ့
ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ မုတ္တမကမ်းလွန်မှ
ယူမယ့် ဇောတိကစီမံကိန်း၊ မြန်မာနိုင်ငံအတွင်း
အတွက် အရှည် ၁၇၉မိုင်ရှိတဲ့ ရတနာ-ရန်ကုန်
သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွေ
ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းတွေ
ကရရှိတဲ့ အကျိုးကျေးဇူးတွေကြောင့် နိုင်ငံ
အဝဝဟာ လှပဝေဆာလာတော့မှာ ဖြစ်ပါတ

ဝမ်းမြောက်ဝမ်းသာ

ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ မြ
ဒေသတွေမှာလည်း သဘာဝဓာတ်ငွေ့တွင်း အ
ခဲ့ပါတယ်။ ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီးတောင်၊ စပယ်နဲ့ အင်းတော် သဘာဝဓာတ်ငွေ့ မြေအသစ်တွေကို ထပ်မံတွေ့ရှိခဲ့တာကြောင့် ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပကိုလည်း တင်ပို့ရောင်းချတော့မှာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ လူနေမှုဘဝတွေဟာ တိုးတက်လာတော့မှာကိုတွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

တိုးချဲ့သွယ်တန်းနိုင်

အခုအချိန်မှာ ကုန်းတွင်း ရေနံမြေသစ် ၁၂ခုနဲ့ ကမ်းလွန်ရေနံမြေသစ် ငါးခုအပြင် ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အရှည် ၁၇၁၇ ဒသမ ၇၄မိုင် တိုးချဲ့သွယ်တန်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုအချိန်မှာ မြန်မာနိုင်ငံအောက်ပိုင်းမှ မြန်မာနိုင်ငံအထက်ပိုင်း ကျောက်ဆည်ဒေသ

စဉ်	
၁	
၂	
၃	
၄	

လှို
ပိုက်ဆ
မြန်ပြ

30-12 (08-09).pmd 1 12/30/2009, 2:21 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြည်တွင်းမှာ စွမ်းအင်သုံးစွဲမှု ဖူလုံစေရေး စနစ်တကျ စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်နေတဲ့အပြင် နိုင်ငံခြားဝင်ငွေရရှိစေဖို့အတွက်လည်း အစီအမံရှိရှိနဲ့ စနစ်တကျဆောင်ရွက်နေတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

လှပဝေဆာ

နိုင်ငံတော်အစိုးရရဲ့ သဘာဝဓာတ်ငွေ့စီမံကိန်းတွေ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုကြည့်ရင် ရွှေစီမံကိန်းဖြစ်တဲ့ ရခိုင်ကမ်းလွန်လုပ်ကွက်မှာ တောင်ကိုရီးယားနိုင်ငံမှ ဒေဝူးကုမ္ပဏီ၊ အိန္ဒိယနိုင်ငံမှ ONGC Videsh လီမိတက်၊ GAIL လီမိတက်နဲ့ တောင်ကိုရီးယားနိုင်ငံမှ ကိုရီးယားဂက်စ်ကော်ပိုရေးရှင်းတို့နဲ့ စာချုပ်ချုပ်ဆို ဆောင်ရွက်နေပြီဖြစ်တာမို့ လာမယ့် ၂၀၁၃ခုနှစ်မှာ ရွှေစီမံကိန်းက ထွက်တဲ့ သဘာဝဓာတ်ငွေ့တွေ ပြည်ပကို တင်ပို့ရောင်းချနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်း သွယ်တန်းဖို့အတွက်လည်း သဘောတူစာချုပ်များ ချုပ်ဆိုပြီးဖြစ်သလို အချင်း လက်မ ၄၀၊ အရှည် ကီလိုမီတာ ၈၇၀ရှိတဲ့ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ မုတ္တမကမ်းလွန်မှာ သဘာဝဓာတ်ငွေ့ ထုတ်ယူမယ့် ဇောတိကစီမံကိန်း၊ မြန်မာနိုင်ငံအတွင်းမှာသဘာဝဓာတ်ငွေ့သုံးစွဲဖို့အတွက် အရှည် ၁၇၉မိုင်ရှိတဲ့ ရတနာ-ရန်ကုန် ၂၄လက်မ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွေကို အမြန်ဆုံးပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းတွေပြီးစီးခဲ့ရင်တော့ စွမ်းအင်ကရရှိတဲ့ အကျိုးကျေးဇူးတွေကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအဝဝဟာ လှပဝေဆာလာတော့မှာ ဖြစ်ပါတယ်။

ဝမ်းမြောက်ဝမ်းသာ

ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသတွေမှာလည်း သဘာဝဓာတ်ငွေ့တွင်း အသစ်တွေ ကြိုးပမ်းရှာဖွေခဲ့ပါတယ်။ ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီးတောင်၊ စပယ်နဲ့ အင်းတော် သဘာဝဓာတ်ငွေ့ မြေအသစ်တွေကို ထပ်မံတွေ့ရှိခဲ့တာကြောင့် ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပကိုလည်း တင်ပို့ရောင်းချတော့မှာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ လူနေမှုဘဝတွေဟာ တိုးတက်လာတော့မှာကိုတွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

တိုးချဲ့သွယ်တန်းနိုင်

အခုအချိန်မှာ ကုန်းတွင်းရေနံမြေသစ် ၁၂ခုနဲ့ ကမ်းလွန်ရေနံမြေသစ် ငါးခုအပြင် ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အရှည် ၁၇၁၇ ဒသမ ၇၄မိုင် တိုးချဲ့သွယ်တန်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုအချိန်မှာ မြန်မာနိုင်ငံအောက်ပိုင်းမှ မြန်မာနိုင်ငံအထက်ပိုင်း ကျောက်ဆည်ဒေသအထိ ဖြန့်ကြက်ထားတဲ့ ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အရှည်ဟာ ၁၉၆၈ဒသမ ၆၅မိုင်၊ ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း အရှည် ၄၂၆မိုင်ရှိတာမို့ စုစုပေါင်း ၂၃၉၄ ဒသမ ၆၅မိုင် ရှိနေပြီ ဖြစ်ပါတယ်။

ရောင်းချပေး

လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံရဲ့ စွမ်းအင်အနေအထားကို ကြည့်ရင် ကုန်းတွင်းပိုင်းရေနံမြေနဲ့ သဘာဝဓာတ်ငွေ့မြေများမှ နေ့စဉ် ရေနံစိမ်းစည် ၉၃၀၀ကျော်နဲ့ သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ကျော် ထုတ်လုပ်ပေးနေပါတယ်။ ဒါ့အပြင် ကမ်းလွန်သဘာဝဓာတ်ငွေ့မြေများဖြစ်တဲ့ ရတနာနဲ့ ရဲတံခွန်ဓာတ်ငွေ့မြေများမှလည်း နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၁၀၀၀ကျော်ခန့်ကို ထုတ်လုပ်ရောင်းချပေးလျက် ရှိပါတယ်။

တိုးချဲ့တူးဖော်

နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုကြီးရဲ့ ရေရှည်အကျိုးစီးပွားအတွက် အစီအစဉ်ရှိရှိ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေတာကြောင့် အခုဆိုရင် မြန်မာနိုင်ငံမှာ ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့မြေအသစ်များဖြစ်တဲ့ ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီး တောင်/စပယ်နှင့် အင်းတော် စတဲ့နေရာများမှာ တိုးချဲ့တူးဖော် ထုတ်လုပ်လျက် ရှိနေပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁

မြန်မာတစ်နိုင်ငံလုံး၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(၁၉၈၈ မှ ၂၀၀၉ အထိ)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	**ရေနံမြေရှာဖွေမှု**				
	(က) ရေနံမြေ(ကုန်းတွင်း)	ခု	၁၉	၃၁	၁၂
	(ခ) ရေနံမြေ(ကမ်းလွန်)	ခု	-	၅	၅
	စုစုပေါင်း	ခု	၁၉	၃၆	၁၇
၂	**ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရှည်**				
	(က) ကုန်းတွင်း	မိုင်	၂၅၀·၉၁	၁၉၆၈·၆၅	၁၇၁၇·၇၄
	(ခ) ကမ်းလွန်(ရေအောက်)	မိုင်	-	၃၄၂·၀၀	၃၄၂·၀၀
	(ဂ) ကမ်းလွန်(ကုန်းပေါ်)	မိုင်	-	၈၄·၀၀	၈၄·၀၀
	စုစုပေါင်း	မိုင်	၂၅၀·၉၁	၂၃၉၄·၆၅	၂၁၄၃·၇၄
၃	**ရေနံစိမ်းထုတ်လုပ်မှု**				
	(က) ကမ်းလွန်	စည်	-	၃၀၄၄၄၁၄	၃၀၄၄၄၁၄
	စုစုပေါင်း	စည်	၆၁၆၅၆၄၁	၆၂၇၉၈၈၀·၀၀	၁၁၄၂၃၉
၄	**သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု**				
	(က) ကမ်းလွန်	ကုဗပေ(သန်း)	-	၃၄၈၁၃၁·၀၀	၃၄၈၁၃၁·၀၀

မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက် အမှတ် M-10 ရှိ ရွှေပြည်သစ် အစမ်းတွင်း အမှတ် (၁)ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာနိုင်ငံရဲ့ ကုန်းတွင်းပိုင်းမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့မြေများအဖြစ် လုပ်ကွက် ၄၇ကွက်၊ မုတ္တမကမ်းလွန်ပင်လယ်ပြင်၊ တနင်္သာရီကမ်းလွန်ပင်လယ်ပြင်နဲ့ ရခိုင်ကမ်းလွန်ပင်လယ်ပြင်စတဲ့ မြန်မာ့ရေပြင်ပိုင်နက်အတွင်းမှာ လုပ်ကွက် ၂၆ကွက်၊ ကမ်းလွန်ရေနက်ပိုင်း ဒေသလုပ်ကွက် ၁၈ ကွက်တို့ကို ဖော်ထုတ်ပြီး နိုင်ငံခြားကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

မြန်မာနိုင်ငံ ပြည်နယ်/တိုင်းများ၏ စွမ်းအင်ထုတ်လုပ်မှု

(၁၉၈၈ နှင့် ၂၀၀၉ နှိုင်းယှဉ်ချက်)

စဉ်	ပြည်နယ်/တိုင်း	ရေတွက်ပုံ	၁၉၈၈	၂၀၀၉
၁	**တနင်္သာရီ**			
	- ရေနံစိမ်းထုတ်လုပ်မှု (ကမ်းလွန်)	စည်	-	၃၀၄၄၄၁၄
	- သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (ကမ်းလွန်)	ကုဗပေ (သန်း)	-	၁၄၁၈၀၇
၂	**မကွေး**			
	- ရေနံမြေ (ကုန်းတွင်း)	ခု	၁၀	၂၀
၃	**ရန်ကုန်**			
	- ရေနံစိမ်းထုတ်လုပ်မှု (ကုန်းတွင်း)	စည်	-	၂၈၂၃
	- သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (ကုန်းတွင်း)	ကုဗပေ (သန်း)	-	၈၆၅·၉၆
၄	**ဧရာဝတီတိုင်း**			
	- ရေနံစိမ်းထုတ်လုပ်မှု (ကုန်းတွင်း)	စည်	၁၇၈၄၃၅	၂၂၀၂၇၁
	- သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (ကုန်းတွင်း)	ကုဗပေ (သန်း)	၁၅၉၇၂·၂၃	၂၂၅၂၃·၂၀၄၅
	- သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (ကမ်းလွန်)	ကုဗပေ (သန်း)	-	၂၀၆၃၂၄

လှိုင်မြစ်မှ ပင်မဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်းသို့ ဆက်သွယ်မည့် ၂၄လက်မ ပိုက်လိုင်း ပိုက်ဆက်လုပ်ငန်းကို ဤသို့ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးမှု ပိုမိုမြန်ဆန်သွက်လက်လာပေတော့မည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့

အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ် စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၉ မှ

ဒါ့အပြင် ကမ်းလွန်ရေနံမြေသစ်တွေကို တိုးချဲ့ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ဖို့အတွက် ရခိုင်ကမ်းလွန်၊ မုတ္တမကမ်းလွန်၊ တနင်္သာရီကမ်းလွန်တွေမှာ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယားစတဲ့နိုင်ငံတွေက ကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းပြီး ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ဆက်လက်ရှာဖွေတူးဖော်မှု ပြုလုပ်နေတာမို့ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားပြည်သူတွေ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အားတက်စရာပါပဲ။ ဒီလိုဆောင်ရွက်မှုတွေကြောင့် ကမ္ဘာ့နိုင်ငံတွေ စွမ်းအင်အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာ မြန်မာနိုင်ငံအနေနဲ့ အဲဒီစွမ်းအင် အကျပ်အတည်းက သက်သာရာရရှိခဲ့ခြင်းဟာ နိုင်ငံတော် အကြီးအကဲရဲ့ မှန်ကန်တိကျတဲ့ လမ်းညွှန်မှု၊ ကျယ်ပြန့်လွှမ်းခြုံနိုင်တဲ့ အမြော်အမြင်ရှိမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	မှတ်ချက်
၁	ကုန်းတွင်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးစီမံကိန်း	ကုန်းတွင်းပိုင်းရေနံမြေများဖြစ်သော ကျောက်ခွက်/လက်ပံတို၊ ထောက်ရှာပင်၊ ပြည်၊ ရွှေပြည်သာ၊ ညောင်တုန်း၊ အဖျောက်၊ မအူပင်တို့တွင် တွင်းသစ်များ တူးဖော်စမ်းသပ်လျက်ရှိသည်။
၂	ရွှေစီမံကိန်း	ကမ်းလွန်လုပ်ကွက် A1, A3 တွင် ဆောင်ရွက်လျက်ရှိသည်။
၃	ဇောတိကစီမံကိန်း	ကမ်းလွန်လုပ်ကွက် M-9 တွင် ဆောင်ရွက်လျက်ရှိသည်။
၄	မကွေး-ပျော်ဘွယ်-ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း	ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။
၅	ပျော်ဘွယ်-နေပြည်တော်-ရေနီ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း	၂၀၀၉ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်လျက်ရှိသည်။
၆	ရတနာ-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း	အရှည် ၁၆၅မိုင်ရှိပြီး ၂၄လက်မ ပိုက်လိုင်းဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။
၇	ရေနံဓာတ်ငွေ့ရည်စက်ရုံ စီမံကိန်း	ညောင်တုန်းနှင့် ကျွန်းချောင်းတို့၌ တည်ဆောက်ထားသည်။
၈	တစ်နေ့လျှင် စည် ၅၀၀၀၀ချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံ အသစ်စီမံကိန်း	မန္တလေးတိုင်း၊ မြို့သာမြို့အနီးတွင် တည်ဆောက်ရန်စီမံဆောင်ရွက်လျက်ရှိသည်။

ဒါကြောင့် ပြည်သူတွေရဲ့ အနာဂတ်မျှော်မှန်းချက်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေး စနစ်နဲ့အညီ စက်ရုံ၊ အလုပ်ရုံ၊ လမ်းပန်း ဆက်သွယ်ရေးနဲ့ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်အောင် စွမ်းအင်ကဏ္ဍက ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ သဘာဝဓာတ်ငွေ့ လုပ်ကွက်အသစ်တွေလည်း ထပ်မံတွေ့ရှိထားပြီဖြစ်လို့ နိုင်ငံအတွင်း ဖူလုံရုံသာမက ပိုလျှံတဲ့ ဓာတ်ငွေ့တွေကို အိမ်နီးချင်းနိုင်ငံတွေကိုလည်း ထပ်မံဖြန့်ဖြူး ရောင်းချပေးနိုင်တော့မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေရဲ့ အနာဂတ် လူမှုစီးပွားဘဝ မြင့်မားလာတော့မှာ ဖြစ်ပါကြောင်း ဂုဏ်ပြုတင်ပြလိုက်ရပါတယ်။ ။

နိုင်ငံတော်အစိုးရရဲ့ သဘာဝဓာတ်ငွေ့စီမံကိန်းတွေ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုကြည့်ရင် ရွှေစီမံကိန်းဖြစ်တဲ့ ရခိုင်ကမ်းလွန်လုပ်ကွက်မှာ တောင်ကိုရီးယားနိုင်ငံမှ ဒေဝူးကုမ္ပဏီ၊ အိန္ဒိယနိုင်ငံမှ ONGC Videsh လီမိတက်၊ GAIL လီမိတက်နဲ့ တောင်ကိုရီးယားနိုင်ငံမှ ကိုရီးယားဂက်စ်ကော်ပိုရေးရှင်းတို့နဲ့ စာချုပ်ချုပ်ဆိုဆောင်ရွက်နေပြီ ဖြစ်တာမို့ လာမယ့် ၂၀၁၃ခုနှစ်မှာ ရွှေစီမံကိန်းကထွက်တဲ့ သဘာဝဓာတ်ငွေ့တွေ ပြည်ပကို တင်ပို့ရောင်းချနိုင်တော့မှာဖြစ်၊ ဒါ့အပြင် မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းသွယ်တန်းဖို့ အတွက်လည်း သဘောတူစာချုပ်များ ချုပ်ဆိုပြီးဖြစ်သလို အချင်း လက်မ ၄၀၊ အရှည် ကီလိုမီတာ ၈၇၀ ရှိတဲ့ မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ မုတ္တမကမ်းလွန်မှာ သဘာဝဓာတ်ငွေ့ ထုတ်ယူမယ့် ဇောတိက စီမံကိန်း၊ မြန်မာနိုင်ငံအတွင်းမှာ သဘာဝဓာတ်ငွေ့ သုံးစွဲဖို့အတွက် အရှည် ၁၇၉မိုင်ရှိတဲ့ ရတနာ-ရန်ကုန် ၂၄လက်မ ပြည်တွင်းသုံး သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွေကို အမြန်ဆုံးပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေ။

လွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းကာကွယ်ရမည်ပင်

* သူ့အောက်မခ၊ ထိလျှင်ချမည်
ဒို့ဘ ဒို့ဘေး၊ မျိုးချစ်သွေးဟု
လေးနက် စိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
နိုင်ငံအတွက်၊ သွေးအသက်ကို
ရက်ရက် မနှမ်း၊ ပေးဆက်ဝံ့သည့်
စွန့်လွှတ်စွန့်စား၊ ပြည်ချစ်သားတို့
စိတ်ထားမြင့်မြတ်၊ သက်နှင်းအပ်၍
လွတ်လပ်ရေးကို ရခဲ့သည်။

* တုံးဆိုလျှင်တိုက်၊ ကျားဆိုကိုက်ပစေ
မငိုက်ဦးခေါင်း၊ မတိမ်းစောင်းသည်
လမ်းကြောင်း အမှန်၊ လွတ်မြောက်ရန်ဟု
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်
ပြည့်သိပ်ခွန်အား၊ တိုင်းရင်းသားတို့
မခြား မကွဲ၊ တစ်သားတည်းလျှင်
အားခဲညီညွတ်၊ အောင်ပန်းဆွတ်၍
လွတ်လပ်ရေးကို ပိုင်ခဲ့သည်။

* မွဲခြင်း ငတ်ခြင်း၊ ဆင်းရဲခြင်းကို
အလျှင်းမကြောက်၊ ဒူးမထောက်ခဲ့
ခြောက်ခြင်း မြှောက်ခြင်း၊ ချီးမွမ်းခြင်းကို
ရင်တွင်း မတုန်၊ ဒို့မဖြုံခဲ့
မသုန် ဦးလည်၊ ကိုယ့်တိုင်းပြည်သာ
ယုံကြည်မြတ်နိုး၊ ဆတက်တိုး၍
အဖိုးတန်မြေ၊ မပဲ့ကြွေအောင်
နှံ့လေသူများ၊ နောက်ဆုတ်သွားဖို့
စိတ်ထားမြင့်မြတ်၊ ကာကွယ်အပ်၍
လွတ်လပ်ရေးသည် ခိုင်ခဲ့သည်။

* အို..မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
စိတ်ထားတူမျှ၊ ညီညွတ်ကြ၍
ရခဲ့ဘိသေး၊ လွတ်လပ်ရေးကို
လေးလေးမြတ်မြတ်၊ စောင့်ရှောက်အပ်လော့
ဖျတ်ခနဲပင်၊ ဆုံးရှုံးလျှင်မူ
လျှင်မြန်ခဏ၊ လွယ်ကူလှလည်း
ပြန်ရဖို့အရေး၊ အသက်သွေးတွေ
ပေးရများစွာ၊ သင်ခန်းစာပင်
ကာလနှစ်ရှည်၊ ရာနှင့်ချီကာ
ကြုံလီ နွမ်းညစ်၊ ကျွန်အဖြစ်ဖြင့်
နှံ့နစ်ခဲ့သေး၊ အတိတ်ရေးကို
ပြန်တွေးထပ်ထပ်၊ ဆင်ခြင်အပ်လျက်
လေးမြတ်ပန်ဆင်၊ ဦးထိပ်တွင်။
လွတ်လပ်ရေးကို ထာဝစဉ်။
ထိန်းသိမ်းကာကွယ်ရမည်ပင်။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

မြင်းမူမောင်နိုင်မိုး

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် ၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တက်ရောက်အားပေး

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများမှ အုပ်ချုပ်သူများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်း၊ ဒုတိယဆုရ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား ငွေသားဆုများကို ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများကလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများနှင့် အသန့်ရှင်းဆုံးဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဖလားဆုနှင့် ကိုယ်ပွားဖလားဆုတို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သယ်ချနေမှု

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဒေးဒရဲတံတားအနီး ပိုက်ချဆိပ်ကမ်း၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်များ သင်္ဘောပေါ်မှ ဆိပ်ကမ်းသို့ တင်ချပို့ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ၂၄ လက်မပိုက်များ ပိုက်ဆက်လုပ်ငန်းခွင်သို့ စဉ်ဆက်မပြတ် သယ်ယူပို့ဆောင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် တိုက်ကြီးကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ကွမ်းခြံကုန်း-တွံတေး-တောကြီးတန်းအပိုင်းတွင် သဘာဝဓာတ်ငွေ့ပိုက်များ ဂဟေဆော်ဆက်သွယ် ခင်းကျင်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက ပိုက်ဂဟေဆော် ဆက်သွယ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းအပိုင်းအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ယခုကာလသည် ပွင့်လင်းရာသီဖြစ်သဖြင့် စီမံကိန်းအချိန်မီ ပြီးစီးရေးအတွက် အင်နှင့်အားနှင့် ဖိဖိစီးစီး ဆောင်ရွက်ကြရန်၊ စက်အားလူအား အပြည့်အဝ အလုပ်လုပ်ကြရန်၊ ဂဟေဆော်မှုကို စေ့စပ်သေချာစေရန်နှင့် X-Ray Test ဖြင့် စစ်ဆေးအတည်ပြုရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဒေးဒရဲမြို့နယ် ဒေးဒရဲတံတားအနီး ပိုက်ချဆိပ်ကမ်း၌ ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်များ သင်္ဘောပေါ်မှ ဆိပ်ကမ်းသို့ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အထက (၄) ရေဆင်း မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဒီဇင်ဘာ ၂၉

အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၄)ရေဆင်းကျောင်း ၁၉၈၄မှ ၁၉၉၀ ကျောင်းသား ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို (ဖေဖော်ဝါရီလ) တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး ဆက်သွယ်ကြပါရန် ဒေါက်တာမိုးကျော်အောင် ဖုန်း-၂၁၅၅၃၊ ဒေါ်တင်နှင်းလတ်ငြေး ဖုန်း-၄၁၆၅၇၉၊ ဒေါ်တင်မာကြည် ဖုန်း-၂၁၁၃၂+၂၁၀၇၉၊ ဒေါ်ဝင်းလဲ့လဲ့သန်း ဖုန်း- ၄၁၆၅၁၂၊ ဒေါ်ခိုင်ဝေညွန့် ဖုန်း-၄၁၆၅၁၂နှင့် ဦးစိုးနိုင်ထူး ဖုန်း-၄၁၆၅၂၁+၇၅၁၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

တွေ့ဆုံ

ဒီဇင်ဘာ ၂၁ရက်က နယူးဒေလီမြို့၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ခေါင်းဆောင်သည့် မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ Ministry of External Affairs ဝန်ကြီး H.E. Mr. Krishna တို့ တွေ့ဆုံစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဒေါက်တာတင်အောင်ဆွေ (တင်အောင်ရွှေ-သုတေသီ)က ဆောင်ရွက်သည်။

ဆွေးနွေးအကြံပြု

ရှေးဦးစွာ သဘာပတိက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ်(ထီလာစိုးမြင့်ထယ်)က ဖတ်ကြားတင်သွင်းရာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဦးစွာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးတင်လှိုင် (ပိုးစိုင်)က ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဥက္ကဋ္ဌ ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ် (ထီလာစိုးမြင့်ထယ်)၊ အတွင်းရေးမှူး ဦးလှတိုး(တိုးထက်)တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

(မြန်မာ့အလင်း)

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၂ ဒသမ ၄၄ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၉ရက် ညနေ၃နာရီ ၃၄မိနစ် ၁၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၅၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြန်မာ-အိန္ဒိယနယ်စပ်ဒေသ) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကသတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ပြည်လမ်းရှိ မန္တလေး FM Station တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

FM Radio များ ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် အသံလွှင့်အစီအစဉ်များ ထုတ်လုပ် အသံလွှင့်နိုင်ရေး ဝန်ထမ်းများ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်

M RTV-4 ရုပ်သံထုတ်လွှင့်ရေး ပြည်သူများ မှန်ကန်ထိရောက်အကျိုးရှိသည့် သတင်းအချက်အလက်များနှင့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများဖန်တီးစီစဉ်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ ရွှေFM Radio Station သို့ ရောက်ရှိ၍ သတင်းအချက်အလက်နှင့် နည်းပညာခန်း၊ စီမံရေးရာဌာန၊ အစီအစဉ်ထုတ်လုပ်ရေးဌာန၊ကြော်ငြာနှင့် မှတ်တမ်းဌာန၊ အသံလွှင့်ခန်း၊ တည်းဖြတ်နှင့် အသံသွင်းသည့် စတူဒီယိုခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မန္တလေး FM Radio Station နှင့် ပဉ္စဝတီFM Radio Stationတို့၏ အသံလွှင့်အစီအစဉ်များ စီစဉ်ထုတ်လွှင့်နေမှု အခြေအနေ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလွှင့်စခန်း၊ Indoor ကင်မရာခန်း၊ခေတ်ပေါ် တေးဂီတဌာနစိတ်၊ သံစုံတီးဝိုင်း၊ ပြင်ပရိုက်ကူးရေးဌာနစိတ်၊ ရေဒီယိုကြော်ငြာဌာနစိတ်နှင့် MRTV-3 ရုပ်သံထုတ်လွှင့် ဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

အားပေးစကားပြော

ဆက်လက်၍ ဝန်ကြီးသည် MRTV-4 ရုပ်သံတည်းဖြတ်ခန်း၊ စတူဒီယိုခန်း၊ ဗီဒီယိုမှတ်တမ်းခန်း၊ သတင်းခန်းနှင့် အစီအစဉ်ထုတ်လုပ်ရေးဌာနတို့ကို လည်းကောင်း၊ DVB-T စက်ခန်း၊ နိုင်ငံတကာသတင်းများတည်းဖြတ်/ ဘာသာပြန်ဌာန၊ ဝန်ထမ်းစားရိပ်သာ၊ ဂြိုဟ်တုမြေပြင်အခြေစိုက်စခန်းနှင့် ထုတ်လွှင့်ရေးစက်ခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးပြီး တွေ့ဆုံအားပေးစကားပြောကြားရာတွင် ဝန်ကြီးက မီဒီယာကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှင့် ပြည်ပမီဒီယာများ၏ အခြေအမြစ်မရှိသော မဟုတ်မမှန် ထုတ်လွှင့်လွှမ်းမိုးမှုမှ ကာကွယ်တုံ့ပြန်ရန်၊ နိုင်ငံတော်အတွင်း နေရာဒေသတိုင်းသို့ ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ အသိပညာပေးရေး ပိုမိုပျံ့နှံ့ရောက်ရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ FM ရေဒီယိုအသံလွှင့်မှုလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ FM Radio များအနေဖြင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် ရေဒီယိုအသံလွှင့်အစီအစဉ်များ ထုတ်လုပ်အသံလွှင့်နိုင်ရေး တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ မြို့နေပြည်သူများအတွက်သာမက ကျေးလက်နေအခြေခံပြည်သူများအား ပြန်ကြားပေးရေး၊ ဖျော်ဖြေပေးရေး၊ အသိပညာ ဗဟုသုတပေးရေးအတွက် ရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် MRTV-4 ရုပ်သံထုတ်လွှင့်ရေးအနေဖြင့်လည်း ပြည်သူများအတွက် မှန်ကန်ထိရောက်အကျိုးရှိသည့် သတင်းအချက်အလက်များနှင့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများကို ဖန်တီးစီစဉ်ထုတ်လုပ်နိုင်ရေးဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး နေပြည်တော်၌ ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး အဆောက်အအုံကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥတ္တရသီရိမြို့၌ ဖွင့်လှစ်မည်ဖြစ်ရာ အသင်းဝင်ကုမ္ပဏီများကို ဖိတ်ကြားထားပြီး လိုက်ပါလိုသူများသည် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံးသို့ ဒီဇင်ဘာ ၃၁ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉နှင့် ၂၁၄၈၄၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ပြာသိုလပြည့်နေ့ (ဥပုသ်နေ့)
၃၀-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ **ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်**
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အကပြိုင်ပွဲ
- ၄:၃၅ ၄။ သီချင်းကြီးပဒေသာ
- ၄:၄၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
- ၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၂၅ ၉။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၀ ၁၀။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
- ၆:၄၅ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၁၅ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇)
- ၂၁။ **တို့ဘိုးဘွားအမွေစစ်မို့** ခန့်စည်သူ၊ ဇော်ဦး၊ မိုးဒီ၊ ရက်တယ်၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ဇော်မြင့်ဦး)
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မိဘကျေးဇူး ဆပ်ဖူးပြီလား** တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၂)
- ၈:၃၀ Sports World (Planet Speed)
- ၈:၅၅ Industries Talk
- ၉:၂၅ Activities in the City (Asia General Electric Co.,Ltd.)
- ၉:၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
- ၁၀:၀၀ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၂)
- ၁၀:၁၅ ခေတ်ပြိုင် ဂီတမှတ်တိုင်များ (စိုးပိုင်)
- ၁၁:၀၀ မြတ်စိန္တေကို ရည်စူးလို့ အလင်းတိုင်နှင့်ပူဇော်မယ်
- ၁၁:၁၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ဆန်လှော်ဆေးခါးဟင်းနှင့် ဂျုံးမြစ်သုပ်)
- ၁၁:၃၀ Music Talk (မိဘမေတ္တာ)
- ၁၁:၅၅ ဗီဒီယိုပြခန်း
- ၁၂:၁၅ **ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး** (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ သီဂီမြင့်၊ သရုပ်ဆောင်-မေကဗျာ)
- ၁:၀၀ **မိဘကျေးဇူး ဆပ်ဖူးပြီလား** တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (အရပ်ပုတာကောင်းတယ်၊ အရပ်ရှည်တာကောင်းတယ်)
- ၃:၃၅ ရိုးရာ အစဉ်အလာ.... ယဉ်ကျေးမှု အဖြာဖြာ.... ပုဂံမြို့ရဲ့ ယွန်းပြတိုက်မှာ
- ၄:၀၀ စာပေမိတ်ဆက် (ပင်လယ်ရေ ဘယ်မခန်းနှင့် မိတ်ဆက်ခြင်း)
- ၄:၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
- ၄:၃၅ စိတ်ချရေတွက် ငွေရေစက်မှာ MNZ
- ၅:၀၀ Activities in the City (Asia General Electric Co.,Ltd.)
- ၅:၁၀ ဗီဒီယိုပြခန်း
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် စိုးရတနာနှင့်တွေ့ဆုံခြင်း)
- ၆:၄၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (စပယ်ဖြူအလှဆင်ပန်း)
- ၇:၀၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ဆန်လှော်ဆေးခါးဟင်းနှင့် ဂျုံးမြစ်သုပ်)
- ၇:၁၅ ခေတ်ပြိုင် ဂီတမှတ်တိုင်များ (စိုးပိုင်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (အရပ်ပုတာကောင်းတယ်၊ အရပ်ရှည်တာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၂)
- ၁၀:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် စိုးရတနာနှင့်တွေ့ဆုံခြင်း)
- ၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၄၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (စပယ်ဖြူအလှဆင်ပန်း)
- ၁၁:၀၀ Industrial Talk
- ၁၁:၃၀ ဗုဒ္ဓဝင်နိပါတ်တော်နှင့် ကျင်းပလာပုသိမ်မြို့ရဲ့ နိဂြောဓ
- ၁၁:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Portsmouth- Arsenal	STAR SPORTS (Live)
၂:၁၀	Portsmouth- Arsenal	MRTV-4(Live)
၂:၂၄	Man Utd- Wigan	ESPN (Live)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်နေပြီ

ရန်ကုန် ဒီဇင်ဘာ ၂၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ(၅)၊ အမှတ် (၅၁)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် **ကျေးလက်ချမ်းသာလျှင် တစ်ပြည်လုံးချမ်းသာမည်** မျက်နှာဖုံး သုံးသပ်ဆောင်းပါး၊ **ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ** ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်၏ **နိုင်ငံရေးနှင့်နိုင်ငံသားတို့၏အခန်းကဏ္ဍ၊** ဆရာမှူးဇော်၏ **ရွေးကောက်ပွဲနှင့် ပဋိညာဉ်များ၊** ဒေါက်တာနေဇင်လတ်၏ **နိုင်ငံရေး၊ နိုင်ငံရေးသိပ္ပံ၊** ဆရာတိမ်ဦး၏ **မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနယ်နိမိတ်တိုင်းတာသတ်မှတ်ရေး ကိုယ်တွေ့မှတ်တမ်း** ဆောင်းပါးအဆုံးပိုင်းစသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ ခရီးသည်ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ရန်ကုန်လေဆိပ်အတွင်း လေယာဉ်စောင့်ဆိုင်းနေစဉ် ကလေးမီးဖွား၊ မြန်မာအိုင်တီပညာရှင်များကို စင်ကာပူက ပြန်ခေါ်ပြီ၊ မြန်မာနိုင်ငံတွင်တိုက်ရိုက်လေကြောင်းပျံသန်းမှုနှင့် ဟိုတယ်လုပ်ငန်းများ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမည်၊ မြန်မာဓလေ့ဆရာကန်တော့ပွဲ အမေရိကန်သို့ ယူဆောင်သွားမည်ဟု နိုဘယ်လ်ဆုရ ပါမောက္ခစတစ်ဂလစ်ထုတ်ဖော်ပြောကြား၊ နှစ်နှစ်သက်တမ်း အစိုးရငွေလွှဲစာချုပ်များ စရောင်းပြီ၊ လိုင်စင်မဲ့ဆိုင်ကယ်များ တစ်နိုင်ငံလုံးစီးနင်းခွင့် လိုင်စင် ထပ်မံထုတ်ပေးဦးမည်၊ ကသာ-ဗန်းမော် ရထားလမ်းပိုင်းပါ စင်းခန်းမြစ်ကူး တံတားစီမံကိန်း စတင်အကောင်အထည်ဖော်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **ဆီးဂိမ်းပြိုင်ပွဲနှင့် မြန်မာဘောလုံးရလဒ်**အကြောင်း၊ **နှစ်သစ်မှာ စိတ်ကူးသစ်တွေနဲ့ အနုပညာခရီးလမ်းကို လျှောက်သွားမယ် ချစ်စုနှင့်တွေ့ဆုံခြင်း** စသည့် ဖျော်ဖြေရေးကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ စင်ကာပူနိုင်ငံသားမဟုတ်သော ကျောင်းသားများအတွက် ဝန်ဆောင်ခတိုးမြှင့်သွားမည်၊ ဟီလာရီကလင်တန် ၂၀၁၆ သမ္မတအိပ်မက် မက်နေဟု သတင်းထွက်ရှိ၊ တရုတ်-အိန္ဒိယဆက်ဆံရေး ဘယ်ခြေဆိုက်မလဲ၊ ၂၀၁၀ ခုနှစ်အတွက် ရင်းနှီးမြှုပ်နှံရန် ကျွမ်းကျင်သူများ၏ အကြံပေးစကားများ၊ လက်ထပ်ခြင်းက ကျန်းမာရေးကို အထူး ကောင်းမွန်စေသော်လည်း အဆုံးသတ်တွင် စိတ်ဝေဒနာစွဲကျန်ရစ်နိုင်ဟုဆို၊ အာရှဈေး အသက်သာဆုံး အဲအေရှနှင့် ဂျက်စတားလေကြောင်းတို့ ဖက်စပ်တည်ထောင်ရန် ဆွေးနွေး၊ **ခင်ပွန်းဖြစ်သူက ဇနီးသည်ကို တီဗွီအဝေးထိန်းကိရိယာဖြင့် ပစ်ပေါက်ရာ လည်ပင်း ထိမှန်သေဆုံး** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **ပြောရဦးမယ် သူတို့က ဒီလိုတဲ့** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပြည့်ဖြိုးလင်းစာကြည့်တိုက် ဆောက်လုပ်ရေး ထန်းတပင်မြို့နယ် ရွာသာယာကျေးရွာတွင် ပန္နက်တင်

ထန်းတပင် ဒီဇင်ဘာ ၂၅

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ရွာသာယာကျေးရွာ၌ နိုင်ငံတော်၏အထောက်အပံ့ဖြင့် ဆောက်လုပ်သော ပြည့်ဖြိုးလင်းစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၄ရက်က စာကြည့်တိုက်ဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိမ်းဆောင်တို့က ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ ဦးဖိုးဖြူ-မတာမိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးချိုကြီးက ငွေကျပ် ၃၀၀၀၀၊ ဦးတင်ဦးက ငွေကျပ် ၂၀၀၀၀၊ ဦးမောင်ပု -ဒေါ်ကြည်ကြည်ဝင်းက ငွေကျပ် ၃၀၀၀၀၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးကျော်စည်သူမင်း-ဒေါ်အေးအေးသက်မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးကျော်ကျော်က ငွေကျပ် ၁၀၀၀၀၊ ဦးစိုးကြည်က ငွေကျပ် ၁၀၀၀၀၊ ဦးလှမင်း-ဒေါ်ဝင်းကြည်က ငွေကျပ် ၅၀၀၀ နှင့် ဦးအောင်မြတ် (အညာရွှေတောင်) ကိုယ်စား စာရေးဆရာဦးစန်းလွင်နှင့် ဦးလှိုင်တို့က စာအုပ်၅၀တို့ကို လှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိမ်းဆောင်က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျော့သောင်း၌ ကျေးရွာစာကြည့်တိုက်သို့ တီဗွီ၊ ရေဒီယို၊ စာအုပ်နှင့် ငွေများလှူဒါန်း

ကျော့သောင်း ဒီဇင်ဘာ ၂၂

ကျော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာအုပ်စု ကံပုံကျိုနာကျေးရွာ ကြယ်တာရာစာကြည့်တိုက်သို့ တီဗွီ၊ ရေဒီယို၊ စာအုပ်လှူဒါန်းခြင်းနှင့် နိုင်ငံတော်၏အထောက်အပံ့ဖြင့် မလိဝမ်းကျေးရွာအုပ်စု ၂၂မိုင်ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် ငွေလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် မွန်းလွဲ ၂နာရီက စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၂မိုင်စာကြည့်တိုက်အတွက် အလှူငွေကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီရိန်က စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်တစ်ဦးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆယ်မိုင်ကျေးရွာအုပ်စု ကံပုံကျိုနာကျေးရွာ ကြယ်တာရာစာကြည့်တိုက်သို့ မြို့နယ်ဥက္ကဋ္ဌက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှလှူဒါန်းသည့် ၁၅လက်မရောင်စုံတီဗွီတစ်လုံး **(အပေါ်ပုံ)**၊ ခရိုင်ဦးစီးအရာရှိက ရေဒီယိုတစ်လုံး၊ မြို့နယ်ဦးစီးမှူး ဒေါ်မေဇင်ဦးက စာအုပ်မျိုးစုံ အုပ်၅၀နှင့် တူဒေးစာပေတိုက်က မဂ္ဂဇင်းမျိုးစုံ၂၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရေနံချောင်းမြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ရေနံချောင်း ဒီဇင်ဘာ ၂၀

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ စွမ်းရည်မြင့်မားရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ဦးစီးမှူး ဦးတာထန်းက ဒီဇင်ဘာ ၁ရက်ထုတ် ဒို့ကျေးရွာဂျာနယ်တွင် နှင်းဦးခင်ရေးသားသော လက်တွဲညီညီရှေ့သို့ချီ ဆောင်းပါးကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင်(၃) ဒေါ်မမယ်က မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် သိမ့် (စီးပွားရေးတက္ကသိုလ်) ရေးသားသော မျိုးချစ်စိတ်ဖြင့်နိုင်ငံတည်တာ မြန်မာ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြား ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

မြိတ် ဒီဇင်ဘာ ၂၃

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၃ရက် နံနက်၉နာရီခွဲက မြိတ်မြို့ ဆိပ်ငယ်စည်ပင်သာယာဈေးကြီး၌ ကျင်းပသည်။ **(အောက်ပုံ)**

စုပေါင်းလေ့ကျင့်

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ တိုင်းမီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်သိန်း၊ မြိတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ၊ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိန်မင်းတို့ ကြည့်ရှုကြီးကြပ်ပြီး မီးသတ်ယာဉ်ငါးစီး၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ လေ့ကျင့်ကြသည်။

ကြည့်ရှုစစ်ဆေး

ဇာတ်တိုက်လေ့ကျင့်မှုကို ဆောင်ရွက်ပြီးနောက် တာဝန်ရှိသူများက ဆိပ်ငယ်ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး မြင်းမူတွင်သရုပ်ပြဟောပြော

မြင်းမူ ဒီဇင်ဘာ ၂၀

မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနနှင့် စက်သုံးဆီ အရောင်းဆိုင်အမှတ် ဝ၆၆၉ တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ရက် နံနက်၉နာရီက မြင်းမူမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်ဝ၆၆၉တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆိုင်ဝန်ထမ်းများအား ပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းများနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရန်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆိုင်မန်နေဂျာ ဦးသန်းဆွေနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(ဝ၃၅)**

လွတ်လပ်ရေးနေ့ အကြိုဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာ ၁၄ ရက် နံနက်၁၀နာရီခွဲက အလက(၁) လမ်းမတော်၌ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မကြီးက လွတ်လပ်ရေး၏တန်ဖိုးနှင့် စောင့်ထိန်းရမည့်တာဝန်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ကံမမြို့နယ် ဥက္ကဋ္ဌဖလားဘောလုံးပြိုင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကံမ ဒီဇင်ဘာ ၂၅

၂၀၀၉ ခုနှစ် မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပရာ နေရာအလိုက်အကောင်းဆုံးဆုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ဒုတိယဆုရ အင်းဘဲကျေးရွာအသင်းကို မြို့နယ်အတွင်းရေးမှူး ဦးဇော်မိုးလွင်ကလည်းကောင်း၊ ပထမဆုရ ထုံးကြီးကျေးရွာအသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက ဆုဖလားကိုလည်းကောင်း ချီးမြှင့်သည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို နိုဝင်ဘာ ၁၃ရက်က ဒုတိယဦးစီးမှူး ဦးအောင်ဖေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရိုးရာဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲ သီပေါ၌ကျင်းပ

သီပေါ ဒီဇင်ဘာ ၂၁

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုများ မေးမှိန်ပပျောက်ခြင်းမရှိစေရေးကို ရည်ရွယ်လျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ရက် ည ၆နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရှမ်းရိုးမတေးဂီတအဖွဲ့နှင့် တိုင်းရင်းသူလေးများက စည်းလုံးခြင်းသည်အင်အား တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆွတ်ခူး

ဆက်လက်၍ ရှမ်း၊ ဗမာ၊ ကချင်၊ ပလောင်၊ ရခိုင်၊ ကရင် စသည့်လူမျိုးစုများ၏ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကိုပြသကြပြီး လှယဉ်ကျေးမယ်ပြိုင်ပွဲကိုစတင်ကျင်းပရာ ပထမပန်းတိမ်တောင်ရပ်မှ နန်းခမ်းမို၊ ဒုတိယရွှေကျောင်းရပ်မှ နန်းဆိုင်လှိုင်ခမ်း၊ တတိယပန်းတိမ်ရပ်မှ နန်းဆိုင်အေးတို့ ဆွတ်ခူးရရှိကြသည်။

ပထမဆုရရှိသည့် အလှမယ် နန်းခမ်းမိုကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက အလှသရဖူ ဦးဆောင်း၊ စလွယ်၊ ကြယ်တံခွန်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ပြီး ကျန်ဆုရရှိသူများအား တာဝန်ရှိသူများက တစ်ဦးချင်းချီးမြှင့်ပေးအပ်ကြသည်။ **(ဝ၂၀)**

လှိုင်မြို့နယ် ပြန်/ဆက် လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ၏ လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၅ရက် နံနက် ၁၁ နာရီက လှိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာဖတ်ခန်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် မိမိဌာနလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး မြို့နယ်ဦးစီးမှူးများက မိမိမြို့နယ်ရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်အလိုက် ရှင်းလင်းတင်ပြကြရာ ခရိုင်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ချင်းတွင်းမြစ်ကမ်းခြေ ဆိပ်ကမ်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် မြေပုံမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော အငူကျေးရွာသွားလမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိဦးသန်းထွန်းနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ရွှေပြည်သာ၌ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဗိုလ်မင်းခေါင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် တာဝန်ရှိသူ**(အောက်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး ဆွေးနွေးပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းများဆောင်ရွက်

ဖလမ်း ဒီဇင်ဘာ ၂၂

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်သည် ဖလမ်းခရိုင် ဦးစီးအရာရှိ ဦးမန်းစိန်လိုက်ပါလျက် ဒီဇင်ဘာ ၁၆ရက် ညနေ ၆နာရီက ရိခေါဒါရ်မြို့ရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဌာနရည်မှန်းချက်လုပ်ငန်းတာဝန်များကျေပွန်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာအောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် စာငှားကတ်စနစ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အလားတူ ဒီဇင်ဘာ ၁၇ရက် ညနေ ၄နာရီက တီးတိန်မြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးရုံးခန်း၌ တွန်းဇန်မြို့နယ်ဦးစီးမှူး၊ တီးတိန်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ ဌာနလုပ်ငန်းဆိုင်ရာများ အချိန်နှင့်တစ်ပြေးညီ မြန်ဆန်အကောင်အထည်ဖော်ရေးနည်းလမ်းများ ဆွေးနွေးကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

နတ်မောက်မြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ ဦးဆောင်မှုဖြင့် အကြိမ်(၂၀)မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးဘိုးဘွားမိဘများ ပူဇော်ကန်တော့ပွဲ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ ဆုနှင်းသဘင်ပွဲကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာခုပရိယတ္တိကျောင်းတိုက် ဓမ္မာရုံ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ကျင်းပမည် ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ သားသမီးများစာရင်းကို ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဦးဟန်ဇော်(ဥက္ကဋ္ဌ)ဖုန်း-၅၆၃၉၁၄၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ဦးထွန်းညွန့် ဖုန်း-၅၁၇၁၂၂၊ ဦးအောင်ဝင်း ဖုန်း-၂၂၉၂၈၁၊ ဦးဆန်းမောင် ဖုန်း-၀၉-၈၆၁၉၃၆၀၊ ဦးမြင့်ဆောင် ဖုန်း-၃၈၆၆၆၈နှင့် ဦးကြည် ဖုန်း-၇၂၄၅၁၉တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ဥတုရာသီ တောကိုမှီ၍

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ခြောက်မိုင်-စံဖူးလမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

မအူပင် ဒီဇင်ဘာ ၂၄

မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၉ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်/သံခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း(ခြင်ကျား-မအူပင်)က အဖွင့်အမှာစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးအောင်မြင့်(မဟူရာရွှေခယ်မြေ)ကနှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြသည်။

ထို့နောက် ၂၀၁၀-၂၀၁၄ ခုနှစ်အတွက် အမှုဆောင်အဖွဲ့သစ်တွင် ဥက္ကဋ္ဌ ဦးမြင့်သိန်း(ခြင်ကျား-မအူပင်)၊အတွင်းရေးမှူး ဦးငွေစိုး (ခြိမ့်နိုင်)၊ဘဏ္ဍာရေးမှူး ဦးအောင်မြင့်(မဟူရာရွှေခယ်မြေ)နှင့်အဖွဲ့ဝင် ဦးမြင့်ဦး (ပြန်/ဆက်)နှင့် ပန်းတနော် ကျော်မိုးတို့ပါဝင်သော အမှုဆောင်ငါးဦးကို ရွေးချယ်တင်မြှောက်ကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားရှိသည့် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ရာသီပန်းများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

စာငှားကတ်စနစ် ကျင့်သုံးရေး မန်စီ၌ဆွေးနွေး

မန်စီ ဒီဇင်ဘာ ၂၃

ဗန်းမော်ခရိုင် မန်စီမြို့နယ် အောက်ချောင်းဒေသတွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ၁၈ရက် နံနက် ၁၀ နာရီက မန်သာကျေးရွာ သုတအလင်းစာကြည့်တိုက်၌ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးနန်ဇေဖုန်ဆန်းက စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။**(မြို့နယ် ပြန်/ဆက်)**

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကျေးလက်ရေပူစမ်းတံတား ပြုပြင်မှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲ လပွတ္တာ၌ကျင်းပ

လပွတ္တာ ဒီဇင်ဘာ ၂၃

လပွတ္တာခရိုင် လပွတ္တာမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ရက် မွန်းလွဲ ၂ နာရီက လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လပွတ္တာမြို့နယ် လက်ထောက်ပညာရေးမှူး ဦးမိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာရဲဝင်းက ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
ပခုက္ကူတက္ကသိုလ်
အဌမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်ကြေညာခြင်း

၁။ ပခုက္ကူတက္ကသိုလ်က ကျင်းပခဲ့သော ၂၀၀၈ပညာသင်နှစ်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်များအတွက် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူး)ဘွဲ့၊ မဟာ(ဝိဇ္ဇာ/သိပ္ပံ) (ဘွဲ့)၊ မဟာသုတေသန(ဘွဲ့) စာမေးပွဲများကိုအောင်မြင်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ပခုက္ကူတက္ကသိုလ် အဌမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၃-၁-၂၀၁၀ရက်နှင့် ၂၄-၁-၂၀၁၀ရက်တို့တွင် ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

(၁)ပထမပိုင်းအစီအစဉ် ၂၃-၁-၂၀၁၀ရက် (စနေနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ

- မဟာသုတေသန (ဘွဲ့)
- မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၂-တက္ကသိုလ်ဝင်တန်းအောင်) (မြန်မာစာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒအထူးပြုများ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၄-တက္ကသိုလ်ဝင်တန်းအောင်) (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာအထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၅-တက္ကသိုလ်ဝင်တန်းအောင်) (မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)

ပထမပိုင်းအစမ်းလေ့ကျင့်ခြင်း - ၂၁-၁-၂၀၁၀ရက် (ကြာသပတေးနေ့)
အချိန် - နံနက် ၉း၀၀နာရီမှ ၁၁း၃၀ နာရီအထိ

(၂)ဒုတိယပိုင်းအစီအစဉ် ၂၃-၁-၂၀၁၀ရက် (စနေနေ့) မွန်းလွဲပိုင်း၊ မွန်းလွဲ ၁း၀၀နာရီ

- မဟာသိပ္ပံဘွဲ့ (၂၀၀၂-တက္ကသိုလ်ဝင်တန်းအောင်) (သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၄-တက္ကသိုလ်ဝင်တန်းအောင်) (ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၅-တက္ကသိုလ်ဝင်တန်းအောင်) (ပထဝီဝင်၊သင်္ချာအထူးပြုများ)

ဒုတိယပိုင်းအစမ်းလေ့ကျင့်ခြင်း - ၂၁-၁-၂၀၁၀ရက် (ကြာသပတေးနေ့)
အချိန်- မွန်းလွဲ ၁း၀၀နာရီမှ ၃း၃၀နာရီအထိ

(၃)တတိယပိုင်းအစီအစဉ် ၂၄-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ

- မဟာသိပ္ပံဘွဲ့ (၂၀၀၂-တက္ကသိုလ်ဝင်တန်းအောင်)(ရူပဗေဒ၊ ဘူမိဗေဒအထူးပြုများ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၄-တက္ကသိုလ်ဝင်တန်းအောင်) (သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၅-တက္ကသိုလ်ဝင်တန်းအောင်) (အင်္ဂလိပ်စာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုများ)

တတိယပိုင်း အစမ်းလေ့ကျင့်ခြင်း ၂၂-၁-၂၀၁၀ရက် (သောကြာနေ့)
အချိန် - နံနက် ၉း၀၀နာရီ မှ ၁၁း၃၀နာရီအထိ

၂။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်ပုဂ္ဂိုလ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။
၃။ ဘွဲ့နှင်းသဘင် တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် အစမ်းလေ့ကျင့်ရက်မတိုင်မီ ကိုယ်တိုင်ထုတ်ယူရမည် ဖြစ်ပါသည်။
၄။ အသေးစိတ်အစီအစဉ်များကို ပခုက္ကူတက္ကသိုလ်၊ သင်တန်းရေးရာဌာန၊ ကြော်ငြာသင်ပုန်းများတွင် အသိပေးကြေညာထားပါမည်။

ဝဏ္ဏ
မော်ကွန်းထိန်း
ပခုက္ကူတက္ကသိုလ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၇၇၆၃၉ ဟွန်ဒါစီ ၉၀ ကာစတန် Cmp ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင် ၉/တတဥ(နိုင်)၀၀၉၆၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကျောက်ဆည်။

စရီ မာရီယမ္မာန်ဘုရားကျောင်းဂေါပကအသစ်ရွေးချယ်ရေး
နှိုးဆော်ကြေညာချက်

တမီလ်ဟိန္ဒူဘာသာဝင်အပေါင်းတို့ခင်ဗျား-

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၄၉)တွင် တည်ထားကိုးကွယ်လျက်ရှိသော စရီမာရီယမ္မာန်ဘုရားကျောင်းတွင် ဂေါပကအဖွဲ့သစ်တစ်ဖွဲ့ ရွေးချယ်တင်မြှောက်ရန် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်နှင့် တမီလ်ဟိန္ဒူဘာသာဝင် ရပ်မိရပ်ဖများ ပါဝင်သော၁၁ဦးဖြင့် ဂေါပကရွေးချယ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ဂေါပကရွေးချယ်ပွဲကို အဆိုပါဘုရားကျောင်း၌ ၁၀-၁-၂၀၁၀ ရက် နံနက်၉း၃၀နာရီမှ ညနေ ၅ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ ရွေးချယ်ပွဲမတိုင်မီ တစ်နှစ်ကြိုတင်၍ ဤဘုရားကျောင်းမှ နှစ်မိုင်ပတ်လည်ဧရိယာအတွင်း နေထိုင်ကြသည့် အသက်(၁၈)နှစ်ပြည့်ပြီးသူ တမီလ်ဟိန္ဒူဘာသာဝင်များအနေဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် တက်ရောက်ပါရန် နှိုးဆော်အပ်ပါသည်-

ဂေါပကလောင်းအဖြစ်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် အောက်ပါအချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ဖော်ပြပါဧရိယာအတွင်းနေထိုင်သူ အသက်(၂၅)နှစ်နှင့်အထက်ရှိသူ တမီလ်ဟိန္ဒူဘာသာဝင်ဖြစ်ရမည်။
(ခ) အိမ်ပိုင်၊မြေပိုင်၊တိုက်ခန်းပိုင် အိမ်ထောင်စုစာရင်းဖြင့် အခြေချနေထိုင်သူ ဖြစ်ရမည်။
(ဂ) လက်ရှိဂေါပကအဖွဲ့ဝင်များ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်မရှိစေရ။

မှတ်ချက်။ ။ ဆန္ဒမဲပေးနိုင်သူများ၊ ဂေါပကကိုယ်စားလှယ်လောင်းအဖြစ်ရွေးချယ်ခံမည့်သူများ၏ အသေးစိတ်အချက်အလက်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

စရီမာရီယမ္မာန်ဘုရားကျောင်း ဂေါပကရွေးချယ်ရေးကော်မရှင်
မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အစည်းအဝေးခန်းမ(ယာယီရုံးခန်း)၊
ရန်ကုန်-အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်။

မောင်အောင်ကျော်သူ ၁၂/တမန(နိုင်)၀၀၃၃၁၆ နှင့် အများသိစေရန်

၂၀-၁၂-၂၀၀၉ ရက်စွဲပါ ကြေးမုံသတင်းစာတွင်ပါရှိသော နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း ကြော်ငြာအား မောင်အောင်ကျော်သူ၏ မိခင်မှ သဘောတူလက်ခံခြင်းလုံးဝမရှိပါ။ မောင်အောင်ကျော်သူ၏ တစ်ဦးတည်းဆန္ဒ သဘောအတိုင်း ပြုလုပ်ခြင်းသာ ဖြစ်သဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအရပ်ရပ်အားလုံးကို မိခင်အပါအဝင်ဆွေမျိုးများအားလုံးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အတိအလင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်အုန်းမြင့်
၁၂/တမန(နိုင်)၀၄၄၆၂၂။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၁၅၂၇ Honda Dream 100 MN/M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အောင် ၇/သဝတ(နိုင်)၀၀၈၉၇၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်း
(အနောက်ပိုင်း)ပြည်၊ ပြည်မြို့။

သာသနာရေးဝန်ကြီးဌာန၏
သီတဂူဓမ္မသဘင် အထူးတရားပွဲ ဖိတ်ကြားလွှာ

ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ခင်ဗျား-

နယ်စပ်နှင့်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာသုတေသန ဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော်အား အောင်မြင်စွာဖွင့်လှစ်ပြီးစီးခဲ့သည့် အထိမ်းအမှတ်အနေဖြင့် သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော တရားပွဲသို့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ D.Litt, Ph.D) မှ ကြွရောက်၍ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ပါ၍ ဖော်ပြပါအချိန်အတိုင်း ကြွရောက်တရားနာယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေရာ - နယ်စပ်နှင့်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာသုတေသန ဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော် တံတားလေးလမ်းဝ(ဖွဲ့စုံ)၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မြေကွက်အမှတ် (၄က-၂)
ကျင်းပမည့်ရက် - ၃၁-၁၂-၂၀၀၉ ရက် (၁၃၇၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)
ကျင်းပမည့်အချိန် - ည ၇း၀၀နာရီ။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

မြောက်ဥက္ကလာပအလက(၁)
ယခင်ပွင့်ကောင်းကျောင်း
မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

အလက(၁) မြောက်ဥက္ကလာပ (ယခင် ပွင့်ကောင်းကျောင်း)၏ နှစ်(၅၀)ပြည့် ၁၉၆၀-၂၀၁၀ ရွှေရတုသဘင် အထိမ်းအမှတ်နှင့် ၁၉၆၀-၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အသက် (၆၀) ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ၄ဝါခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးသန်းထွန်းတင့် ကျောင်း ဖုန်း-၆၉၉၃၆၄၊ ဦးခင်ဇော် (စွဲလန်း) ဖုန်း-၆၉၉၂၆၄၊ ဦးမြင့်ဆွေ (မင်္ဂလာဈေး) ဖုန်း-၂၉၈၄၂၃၊ ဒေါက်တာခင်မောင်ဝင်း (ခရမ်း) ဖုန်း-၀၅၆-၃၀၂၇၀၊ ဦးဟုတ်စိန် ဖုန်း-၀၉-၅၁၉၈၇၄၈၊ ဦးစံအေး ဖုန်း-၆၉၉၄၄၁၊ ဦးမြင့်အောင် (သုဝဏ္ဏ) ဖုန်း-၀၉-၅၁၆၇၇၉၇၊ ဦးမောင်မောင်စိုး ဖုန်း-၆၉၀၃၃၄၊ ဦးမျိုးထွဋ် ဖုန်း-၇၂၆၃၁၈၊ ကိုသိန်းစိုး (ဥက္ကဋ္ဌ) ဖုန်း-၀၉-၉၉၇၁၂၆၁၊ ကိုဇော်မင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၄၀၂၆၆၊ ကိုထွန်းထွန်းလွင် ဖုန်း-၇၂၆၈၄၉၊ ကိုမြဒွေးအောင် (သံလွင်စတိုး) ဖုန်း-၀၉-၅၁၄၂၂၅၃၊ကိုကျော်ခေါင် ဖုန်း-၀၉-၅၀၈၆၅၆၆၊ မမြင့်မြင့်ချို ဖုန်း-၀၉-၅၀၀၆၄၃၃၊ မချောရတနာသန်း ဖုန်း-၇၀၄၂၁၃၊ မယဉ်သူ ဖုန်း-၀၉-၉၀၅၀၉၇၇၊ မဝင်းချိုချို ဖုန်း-၇၀၀၇၂၂၊ မနန်းနွယ်ဦး (ဒေါင်းမင်း) ဖုန်း-၀၉-၅၂၃၀၇၅၇နှင့် ကိုဝင်းဗိုလ် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၈၀၉၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၅)

အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ဒိုက်ဦး၌ဆင်နွှဲ

ဒိုက်ဦး ဒီဇင်ဘာ ၂၇

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဒီဇင်ဘာအားကစားလနောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၅နာရီက မြို့လယ်လေးကျွန်းတာဆုံမှ ဗျူဟာလမ်းအထိ သုံးမိုင်ခရီးအသွားအပြန်ကျင်းပရာ ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွေမိုးအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အား/ကာဦးစီးအရာရှိ ဦးဇော်ဇော်ထွဋ်နှင့် အား/ကာ ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူအင်အား ၅၀၀၀ကျော်ခန့် ပါဝင်ဆင်နွှဲကြသည်။

(အောက်ပုံ) (မြို့နယ် အား/ကာ)

ဒီဇင်ဘာလူထုအားကစားလ
စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ
ပြည်မြို့တွင် စုပေါင်းဆင်နွှဲ

ပြည် ဒီဇင်ဘာ ၂၈

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)၏ ဦးဆောင်မှုဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာ လူထုအားကစားလလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၆နာရီက ပြည်မြို့ ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်ရှေ့စုရပ်၌ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်နှင့်အဖွဲ့ဝင်များ၊ တိုင်းအားကစားနှင့်ကာယပညာကော်မတီ ပဲခူးတိုင်း (အနောက်ပိုင်း) ဥက္ကဋ္ဌရဲမှူးကြီးမျိုးဆွေဝင်းနှင့် ကော်မတီဝင်များ၊ တိုင်း၊ခရိုင်၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်နည်းပညာတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပြည်ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၇၀၀၀ကျော်တို့ ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

စုပေါင်းလမ်းလျှောက်ပွဲကို ပြည်မြို့ ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်မှ မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး မြို့နယ်အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး ပြုလုပ်ကြသည်။

(တိုင်း ပြန်/ဆက်)

ကျောက်ချောလမ်းခင်း

ဝါးဘိုးတော-ကမမောင်း ကျောက်ချောလမ်းခင်းနေမှုကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ထွန်းနှင့် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့ ဒီဇင်ဘာ ၂ရက်က ကွင်းဆင်းစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးဇော်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ အမှုဆောင်သစ်ရွေးချယ်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်ရာ အသင်းဝင်များနှင့် ရမ်းဗြဲမြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် အမည်စာရင်းပေးသွင်းလိုသူများသည် လိုအပ်သည့် အထောက်အထားများနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၂၁၂၅၃၊ အသင်းဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသန်းနိုင်ဖုန်း-၀၉-၈၆၂၄၃၆၃၊ ဦးဘိုးတင် ဖုန်း-၀၉-၈၅၃၀၃၉၈၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း- ၂၅၄၂၁၀တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု သတင်းဆောင်းပါး

နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးနေသည့် စွမ်းအင်ကဏ္ဍ

ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် A-1 ရွှေအစမ်းတွင်းကို ဝေဟင်မှ ညှိသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

သတင်းဆောင်းပါး - အာကာဟိန်း ✧ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ✧ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုဘဝနေထိုင်မှုတွေ ဘက်စုံဖွံ့ဖြိုး တိုးတက်လာတာနဲ့အတူ အဲဒီနိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်လည်း အရှိန်အဟုန်နဲ့ မြင့်မားလာလေ့ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အပြိုင်အဆိုင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေကြတာမို့ စွမ်းအင်လိုအပ်ချက်ဟာ နိုင်ငံတိုင်းမှာ ကြီးမားလာပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

မြန်မာ့အလင်း

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို

❖ လွတ်လပ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး
စိုင်းသီဟ၏ ဆောင်းပါး စာ-၆၊ ၇

❖ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးနေသည့် စွမ်းအင်ကဏ္ဍ
အာကာဟိန်း၏ သတင်းဆောင်းပါး စာ-၂၀၊ ၈၊ ၉၊ ၁၀

❖ လွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းကာကွယ်ရမည်ပင်
မြင်းမူ မောင်နိုင်မိုး၏ ကဗျာ စာ-၁၀

❖ ပိုပြီး ကြောက်ဖို့ကောင်းတဲ့အရာ
အောင်မျိုး၏ ကာတွန်း စာ-၇